yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလကွယ် ၊ သောကြာနေ့ ၊ (9-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၈၅)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညို





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဝဇီပိတ်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်(ကြာသပတေးနေ့) ဝဝး၀၂အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီး၏ဥတုဇရုပ်ကလာပ်တော်အား နဂါးနှစ်ကောင်ကျောင်းတိုက်၌ ပူဇော်ထား လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး များနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ရတနာပုံ
၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်
အယ်ဒီတာ့အာဘော်

# မြန်ပြည်တစ်ဝန်း မီးဘေးအန္တရာယ်သတိပြုကာကွယ်

မီးဘေးအန္တရာယ်သည် မြန်မာနိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များအနက် အကြိမ်အရေအတွက် အများဆုံး၊ ဆုံးရှုံးမှုပမာဏအမြင့်မားဆုံးဖြစ်ပါသည်။ မီးလောင်မှုများကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးစေသည့်အပြင် လူအများ၏ အဖိုးတန်ပိုင်ဆိုင်မှုများ၊ အိုးအိမ်တိုက်တာများကို ဆိုးရွားစွာပျက်စီးဆုံးရှုံးစေပါသည်။ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းများစွာအနက် မီးကိုပေါ့ဆစွာအသုံးပြုခြင်း၊ မီးဖိုမီးနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပွားခြင်းတို့သည် ဖြစ်ပွားမှုအများဆုံးစာရင်းဝင်လျက်ရှိပါသည်။

ပြည်သူများမီးဘေးအန္တရာယ်ကို ဂရုပြုမိလာရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လာရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်။ မီးဘေးကြိုတင်ကာကွယ်ရေးတွင် အဓိကကျသည့်အချက်မှာ မီးသုံးစွဲတိုင်း မီးဘေးအန္တရာယ်ကို အမြဲသတိထားခြင်းပင်ဖြစ်ပါသည်။ မီးဖိုအနီးတွင် လောင်စာဆီများမထားခြင်း၊ လူစောင့်အမြဲထားခြင်း၊ စနစ်တကျမပေါ့မဆအသုံးပြုခြင်း၊ ကလေးသူငယ်များ မီးမဆော့စေရန်ကြပ်မတ်ခြင်း စသည်တို့ကို သတိပြုခြင်းများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စွမ်းရှိမည်ဖြစ်ပါသည်။

မီးလောင်မှုဖြစ်ပွားလျှင်လည်း ကြောက်လန့်စွာထွက်ပြေးခြင်း၊ တစ်ဦးတည်းကျိတ်ဖြေရှင်းခြင်းတို့ မလုပ်သင့်ပေ။ ပတ်ဝန်းကျင်ကို ချက်ချင်းအကူအညီတောင်း၍ မီးလောင်ကျွမ်းမှုကိုငြိမ်းသတ်ကြလျှင် ဆုံးရှုံးပျက်စီးမှုအနည်းဆုံးဖြစ်ပေမည်။ မီးလောင်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိ၍ ရှောင်ရှားမည်ဆိုပါကလည်း မီးတောက်မီးလျှံနှင့်အတူ မြင့်သည့်အပိုင်းမှာဓာတ်ငွေ့များစွာရှိသည့်အတွက် အောက်ဆီဂျင်များရှိသည့်ကြမ်းပြင်နှင့်နီးသည့်အပိုင်းမှ တွားသွားရှောင်ကြဉ်ရပါမည်။ အသက်ရှူလမ်းကြောင်းထဲသို့ မီးခိုးများမဝင်အောင်လုပ်ထားနိုင်လေ အသက်ရှင်ရန် အခွင့်အလမ်းများလေဖြစ်ပါသည်။

နှစ်စဉ် လူ့အသက်များသာမက အဖိုးတန်ပစ္စည်းများစွာဆုံးရှုံးကာ မဟာဒုက္ခရောက်ရသည်ထိဖြစ်စေသော မီးဘေးအန္တရာယ်သည် ပေါ့ဆသူ၊ သတိမမူဘဲ သုံးစွဲသူမှန်သမျှ မီးဘေးအန္တရာယ်ကြုံတွေ့ရနိုင်ပါသည်။ လူခိုးလျှင် အစုတ်ကျန်၊ မီးခိုးလျှင် အပြုတ်နှံ့ဆိုသည့်အတိုင်း အသက်၊ အိုးအိမ်၊ စည်းစိမ်အလုံးစုံ ပျက်စီးဆုံးရှုံးမှုမှလွတ်မြောက်စေရန်အတွက် နေ့စဉ်လူမှုဘဝတွင် မီးဘေးအန္တရာယ်ကို သတိပြု၊ သတိရှိစွာ အလေးထားဆင်ခြင်သုံးစွဲကြရမည်ဖြစ်ပါသည်။ မိမိကိုယ်တိုင်ကစပြီး မီးကိုသတိပြုလျှင် မိမိအိမ်ရာဘေးကင်းပါမည်။ ထိုမှ မိမိရပ်ရွာဘေးကင်းပါမည်။ ထိုမှ မိမိနိုင်ငံထိပင်မီးဘေးအန္တရာယ်ကင်းဝေးမည်ဖြစ်ပါသဖြင့် မီးအသုံးပြုသူ ပြည်သူအပေါင်းက မီးအသိ မီးသတိဖြင့်စည်းကမ်းရှိရှိအသုံးပြုခြင်းဖြင့် ရန်သူမီးဘေးကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

မကြာတော့သောကာလအတွင်း ပူပြင်းခြောက်သွေ့သောရာသီကာလကို ရောက်ရှိလာတော့မည်ဖြစ်သဖြင့် မီးဘေးအန္တရာယ်ကိုလည်း အထူးသတိပြုကြရမည်ဖြစ်ပါသည်။ မီးလောင်မှုကြောင့်ဆုံးရှုံးမှုများ လျော့နည်းပပျောက်စေရန် မီးသတ်ဦးစီးဌာန၏ မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပူပြင်းခြောက်သွေ့သောရာသီဥတုသည် မီးဘေးအန္တရာယ်ကျရောက်မှုအဖြစ်နိုင်ဆုံးဖြစ်သည့်အတွက် မီးဘေးလုံခြုံမှုအစဉ်သတိပြုခြင်း၊ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းတို့ဖြင့် မိမိမိသားစု၊ မိမိရပ်ရွာ၊ မိမိနိုင်ငံတော်ကြီးအတွက် မီးဘေးအန္တရာယ်မှ ကာကွယ်တားဆီးသွားနိုင်ယူနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားတောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် သန်း ၁၂၀ ကျော် ထုတ်ချေးပေးပြီးဖြစ်



**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားတောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေးအတွက် ငွေကျပ်သန်း ၁၂၀ ကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရန် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ သမဝါယမအသင်း သုံးသင်း၊ အသင်းသားတောင်သူ ၂၀၃ ဦး၊ ဆောင်းဆီထွက်သီးနှံစိုက်ဧက ၆၀၇ ဧကအတွက် ချေးငွေကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ ငွေကျပ် ၁၂၇ ဒသမ ၆ သန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမဲ့ တံတားဦးမြို့နယ်ကို ထုတ်ချေးပေးတာပါ။ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမဲ့ သီးနှံအလိုက် မြေပဲတစ်ဧကကိုငွေကျပ် ၃၀၀၀၀၀၊ နေကြာတစ်ဧကကို ငွေကျပ် ၂၀၀၀၀၀၊ နှမ်းတစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်း ထုတ်ချေးပေးတာပါ။ မိသားစုဝင်ငွေတိုးတက်စေရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့လဲဖြစ်ပါတယ်။ ဒေသထွက်ကုန်ပေါ်အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့လဲ ရည်ရွယ်ပါတယ်"ဟု ဦးလှိုင်မိုးက ပြောပြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး ထုတ်ချေးပေးခဲ့သည့် စိုက်ဧကများမှာ မြေပဲ ၁၂၆ ဧက၊ နှမ်း ၁၂၈ ဧက၊ နေကြာ ၃၅၃ ဧကဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ထောပတ်ပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးဈေးကွက်အတွင်း နယ်စုံမှဝင်ရောက်လာသည့် ထောပတ်ပဲများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း မတ္တရာ၊ စဉ့်ကူး၊ မုံရွာ စသည့်ဒေသတို့မှ ထောပတ်ပဲများ ဝင်ရောက်လာကြောင်း၊ ဈေးနှုန်းများမှာ ယခုလက်ရှိတွင် ထောပတ်ပဲ(အလုံးကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၀၊ ထောပတ်ပဲ (အလုံးလတ်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၀၊ ထောပတ်ပဲ(အလုံးသေး)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၀ ဖြင့် ပေါက်ဈေးရှိနေပြီး အရောင်းအဝယ်များ ကောင်းနေကြောင်း သိရသည်။

"အခုရက်ပိုင်း ဈေးကွက်ထဲမှာ ထောပတ်ပဲတွေ ဈေးကောင်းရရှိနေပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ဒီနှစ်မှာ ထောပတ်ပဲတွေ အရည်အသွေး ကောင်းမွန်ပါတယ်။ အထွက်နှုန်းလဲကောင်းသလို ဈေးကောင်းတွေလဲရရှိနေပါတယ်။ လက်ရှိအချိန်မှာ ထောပတ်ပဲက ပြည်တွင်းစားသုံးမှုအနေနဲ့လဲ အဝယ်လိုက်နေတယ်။ ထောပတ်ပဲကို နှစ်စဉ် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ဥရောပနိုင်ငံတွေကို တင်ပို့ရောင်းချရပါတယ်။ အခုလတ်တလောမှာ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက ဝယ်ယူနေတာ တွေ့ရှိရတယ်။ ထောပတ်ပဲကို တစ်နှစ်မှာ တစ်ရာသီပဲ ဆောင်းသီးနှံအနေနဲ့ စိုက်ပျိုးကြပါတယ်။ ပွင့်ဖြူ၊ ဆင်ဖြူကျွန်း၊ စလင်း စတဲ့ဒေသတွေမှာ ထောပတ်ပဲ စတင်ရိတ်သိမ်းနေပြီဖြစ်တာကြောင့် မကြာခင်မှာ ဈေးကွက်ထဲကို ဝင်ရောက်လာတော့မှာပါ"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ထောပတ်ပဲကို မင်းဘူး၊ ဆင်ဖြူကျွန်း၊ စလင်း၊ ပွင့်ဖြူ၊ မလှိုင်၊ တောင်သာ၊ နွားထိုးကြီး၊ ဂန့်ဂေါ၊ ကလေး၊ ကလေးဝ၊ ရွှေဘိုစသည့်ဒေသများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များကို လူကြိုက်များလာပြီး ဝယ်ယူမှုများနေကာ အနည်းဆုံး ငွေကျပ် ၁၆ သိန်း ၅ သောင်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၅ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအရောင်းအဝယ်အနည်းငယ်ရှိနေပြီး နံပါတ်ထွက်ပြီးသား တစ်ပတ်ရစ် ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ်အေးနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ် သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား ကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ပွိုင့်သရီးကား အမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ လျှပ်စစ်သုံးကားများကိုလည်း စိတ်ဝင်စားမှုမြင့်တက်နေပြီး ငွေကျပ်သိန်း ၁၅၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ်သိန်း ၁၀၀၀ ခန့်ရှိခဲ့ရာမှ ယခုအခါ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိစေရန် ရည်ရွယ်၍ ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ အင်ဂျင်နီယာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

သာယာစုကျေးရွာ၌ အနက်ပေ ၆၅၀၊ အကျယ်လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၈၆၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Great KMT ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သာယာစုကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် ရာသီမရွေး ရေရရှိတော့မည်ဖြစ်ကြောင်း ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၃၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် စိုက်ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါပဲတီစိမ်းကို လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ငပုတောမြို့နယ်အတွင်း ပဲတီစိမ်း ၁၈၃၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ပဲတီစိမ်း လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ အပင်ပေါက်အားကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားရောဂါမကျရောက်စေဖို့ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငပုတောမြို့နယ်တွင် စိုက်ပျိုးထားသည့် ပဲတီစိမ်းများအပါအဝင် ဆောင်းသီးနှံအားလုံး အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပိုးသတ်ဆေး၊ အပင်အားဆေးများ စနစ်တကျအသုံးပြုတတ်စေရေး စသည့် နည်းပညာပေး လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ် ရေပြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေပြာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၃၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ငွေကျပ် ၃၅ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၅၅ ဧက စိုက်ပျိုးမည်

**စစ်ကိုင်း ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၅၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းကို စစ်ကိုင်းမြို့နယ်တွင် ၁၉၈ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၅ ဧက၊ မြောင်မြို့နယ်တွင် ၄၁၁၂ ဧက စုစုပေါင်း ၄၄၅၅ ဧက လျာထားပြီး ဖေဖော်ဝါရီလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင်မှာ နှမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနှစ် နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ဒီလတတိယပတ်ကစပြီး စိုက်ပျိုးသွားမှာပါ။ နွေနှမ်းစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)



# စဉ်ဆက်မပြတ်ရှင်သန်နေရမည့် ပြည်ထောင်စုစိတ်ဓာတ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ၊ လမ်းသစ်ဖွင့်ပွဲများ၊ လူမှုရေးအကျိုးပြုလုပ်ငန်းများနှင့် လှူဒါန်းမှုအစုစုကို မြင်တွေ့ကြားသိနေကြလေရာ မင်္ဂလာရှိလှပေသည်။

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေးအတွက် အသွင်သဏ္ဌာန်မျိုးစုံကို မြင်တွေ့ကြားသိကြရသောအခါ အားရရွှင်လန်းမှုနှင့်အတူ အနှစ်သာရလည်း ရှိကြစေချင်သည်။

တစ်နိုင်ငံလုံးရှိ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအဆင့်မှ တာဝန်ရှိ အရာထမ်း၊ အမှုထမ်း လူကြီးများထိ ပြည်ထောင်စုစိတ်ဓာတ် ရှိကြစေချင်သည်။ နိုင်ငံနှင့်လူမျိုးကို ထိန်းသိမ်းစောင့်ရှောက်ချင်ကြသော ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံ၏လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်တည်ဆောက်လိုသော ပြည်ထောင်စုစိတ်ဓာတ်ရှိကြစေချင်သည်။

အေးရိပ်ဆာယာ၏တန်ဖိုးကို နေပူထဲရောက်မှ သိကြရသကဲ့သို့ သခင်၏ဘဝကို ကျွန်သပေါက်ဘဝရောက်မှ သိကြရသည်။ ငြိမ်းချမ်းခြင်း၊ သာယာချမ်းမြေ့ခြင်းကို စစ်ပြေး၊ စစ်ဘေးဒုက္ခသည်ဘဝရောက်မှ သိကြရသည်။ စည်းလုံးညီညွတ်ခြင်း၏ အကျိုးကျေးဇူးကို သွေးမြေကျ ဒုက္ခမျိုးစုံနှင့်ကြုံတွေ့မှ နောင်တရကြလေ့ရှိသည်။

ဤသည်ကို မြန်မာနိုင်ငံတော်ကြီးက သမိုင်းသင်ခန်းစာများဖြင့် သက်သေတည်ကာ သားစဉ်မြေးဆက် စဉ်ဆက်မပြတ်လမ်းညွှန်ပြနေခဲ့သည်။

**ကျူးကျော်စစ်သုံးကြိမ်**

၁၈၂၄ ခုနှစ် မတ် ၅ ရက် သက္ကရာဇ် ၁၁၈၅ ခုနှစ် တပေါင်းလတွင် နယ်ချဲ့တို့က ရှင်မဖြူကျွန်းအရေးကို အကြောင်းပြု၍ **"ပထမကျူးကျော်စစ်"**ကို စတင်ကျူးလွန်ခဲ့ကြသည်။ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် အင်းဝနေပြည်တော်မှ ၄၅ မိုင်ဝေးကွာသော ရန္တပိုရွာ၌ မြန်မာတို့က အရှုံးပေးပြီး စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့ရသည်။ ပထမစစ်ပွဲကာလ နှစ်နှစ်ကြာမြင့်ခဲ့ပြီး မြန်မာပိုင် မဏိပူရ၊ အာသံ၊ ရခိုင်နှင့် တနင်္သာရီတို့ကို နယ်ချဲ့တို့က သိမ်းပိုက်ရယူသွားခဲ့ကြသည်။

၁၈၅၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမရပူရ ပုဂံမင်းကို အင်္ဂလိပ်သံအမတ် မစ္စတာလူးဝစ်က မချေမငံပြောဆိုမှုကြောင့် ဒဏ်ငွေပေးဆောင်ရန်အမိန့်ချမှတ်ခြင်းအပါအဝင် ရန်ကုန်မြို့ဝန်က သင်္ဘောကပ္ပတိန်ကို ဒဏ်ငွေတပ်မှုကိုအကြောင်းပြု၍ ၁၈၅၂ ခုနှစ် ဧပြီ ၅ ရက် (သက္ကရာဇ် ၁၂၁၄ ခုနှစ် တန်ခူးလ) တွင် နယ်ချဲ့တို့က စစ်မကြေညာဘဲ**"ဒုတိယကျူးကျော်စစ်"**ကို ထပ်မံကျူးလွန်ခဲ့ပြန်သည်။ စစ်ပွဲကာလ ရှစ်လသာ ကြာမြင့်ခဲ့သော်လည်း ၁၈၅၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှစ၍ မြေထဲမြို့(အောင်လံ)အပါအဝင် မြန်မာနိုင်ငံအောက်ပိုင်း မုတ္တမ၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းကို သိမ်းပိုက်သွားခဲ့ကြသည်။

ဘုံဘေဘားမားကုမ္ပဏီက အခွန်မဆောင်ဘဲ ကျွန်းသစ်အလုံးရေ ၅၀၀၀၀ ကျော်ကို ခိုးထုတ်သဖြင့် ဒဏ်ငွေ ၂၃ သိန်းပေးဆောင်ရန် အမိန့်ချမှတ်ခြင်းကို အကြောင်းပြုကာ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် **"တတိယကျူးကျော်စစ်"**ကို ကြေညာခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက် (သက္ကရာဇ် ၁၂၄၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်)တွင် မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့တို့က သိမ်းပိုက်လိုက်ကြောင်း ကြေညာခဲ့သည်။ မြန်မာ့ဦးစွန်း အနောက်သို့ ယွန်းခဲ့ရသည်။

ပထမ၊ ဒုတိယ၊ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့တော့သည်။ ကိုလိုနီ နယ်ချဲ့တို့၏လက်အောက်တွင် မြန်မာနိုင်ငံအောက်ပိုင်းသည် ၁၂၃ နှစ်၊ မြန်မာနိုင်ငံအထက်ပိုင်းသည် ၆၃ နှစ် ကျွန်သပေါက်ဘဝ ကျရောက်ခဲ့သော်လည်း လက်နက်အင်အား၊ လူအင်အားကွာခြားမှုန်းသိပါလျက်နှင့် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်များက ရှိသမျှ အင်အား၊ ရသမျှလက်နက်များကိုစွဲကိုင်ကာ တွန်းလှန်ချေမှုန်းခဲ့ကြသည်။ "သူ့ကျွန်ဘဝမှာ နေရတာထက် သေရတာက မြတ်တယ်"ဟူသော မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာ ခုခံတော်လှန်ခဲ့ကြသည်။

**ပြည်ထောင်စုစိတ်ဓာတ်**

လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝမှ သူ့ကျွန်ဘဝကျရောက်ခဲ့ကြသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းသည် နယ်ချဲ့လက်အောက်တွင် လောကီငရဲမျိုးစုံကို ကြိတ်မှိတ်ခံစားခဲ့ကြရသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများတွင် တစ်ဗိုလ်တက်တစ်ဗိုလ်ဆင်း သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ကြသည်။ အသက်၊ သွေး၊ ချွေးများကို မငဲ့ကွက်ကြဘဲ စွန့်လွှတ်စွန့်စားခဲ့ကြသည်။

နယ်ချဲ့တို့က မြန်မာတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ယုတ်မာစွာ သွေးကွဲအောင် သွေးခွဲခဲ့ကြသော်လည်း စည်းလုံးညီညွတ်စွာ ပြန်လည်တိုက်ထုတ်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးတိုက်ပွဲဝင်သမိုင်းတွင် ကချင်ပြည်နယ်မှ ဖုန်ကန်ဒူဝါနှင့် ဗိုလ်စော၊ ချင်းပြည်နယ်မှ ဗိုလ်ခိုင်ကမ်း၊ ကြွမ်ဘိနှင့် ရွှေချီးဖြူမင်းသား၊ ရှမ်းပြည်နယ်မှ လင်းပင်မင်းသားနှင့် ရှမ်းစော်ဘွားများ၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ မြန်မာပြည်အထက်ပိုင်းမှ ဗိုလ်ချို၊ ဗိုလ်တွန်၊ ဗိုလ်မြတ်ထွန်း၊ ဗိုလ်မင်းရောင်နှင့် မျိုးချစ်ခေါင်းဆောင်တို့သည် မော်ကွန်းဝင်ထွန်းပြောင်ခဲ့ကြသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အချုပ်တန်းဆရာဖေ အစရှိသော မျိုးချစ်စာဆိုတော်ကြီးများကလည်း နှလုံးရည်တပ်သားကောင်းပီသစွာ ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ဖတပလ(ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး)၊ ဖဆပလ(ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး)စသည့် လွတ်လပ်ရေးတိုက်ပွဲဝင်အဖွဲ့ကြီးများတွင် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားများ စသည့်လုပ်သားပြည်သူအားလုံးသည် ကျွန်ဘဝမှ သခင်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် အသက်ကိုမငဲ့ကွက်ဘဲ စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ **"အင်္ဂလိပ်အခက် ဗမာအချက်"**ဟူသော ကြွေးကြော်သံများဖြင့် **"သခင်အောင်ဆန်း"**ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံသို့သွားရောက်ကာ စစ်ပညာများသင်ကြားခဲ့ကြသည်။ စစ်ပညာများသင်ကြားခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်သည် ထိုင်းနိုင်ငံတွင် **"ဗမာ့လွတ်လပ်ရေး တပ်မတော်"** (BIA)ဖွဲ့စည်းပြီး လက်မောင်းသွေးကို ဖောက်ခဲ့ကြကာ သစ္စာရည်သောက်ခဲ့ကြသည်။

ဂျပန်တို့၏ အကူအညီများဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ကြကာ နယ်ချဲ့အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဂျပန်တို့က မြန်မာတို့ကို ရွှေရည်စိမ်လွတ်လပ်ရေးကိုသာပေးခဲ့ပြီး ရက်စက်လွန်းစွာ ညှဉ်းပန်းအုပ်ချုပ်ခဲ့ကြသည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး မဟာမိတ်တို့နှင့် ပူးပေါင်းကာ ဖက်ဆစ်ဂျပန်များကို တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ ထိုသို့ တွန်းလှန်တိုက်ထုတ်ခဲ့ကြသည့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်ကို **"တော်လှန်ရေးနေ့"**၊ **"တပ်မတော်နေ့"**အဖြစ် သတ်မှတ်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာကြသောအခါ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံးသည် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်။ နယ်ချဲ့ဗြိတိသျှတို့ကလည်း မလွှဲရှောင်သာ၍ လွတ်လပ်ရေးပေးရသည့်တိုင်အောင် တောင်တန်းဒေသများကိုမပေးလိုသည့်အတွက် ပြည်မနှင့်ပြည်နယ်၊ မြေပြန့်နှင့် တောင်တန်းဒေသကို နည်းမျိုးစုံဖြင့် သွေးခွဲခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အဖွဲ့ လန်ဒန်တွင် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုခါနီးထိ လုပ်ကြံသွေးခွဲခဲ့သည်။ ဗိုလ်ချုပ်ကို ရှမ်းပြည်နယ်၏ ကိုယ်စားပြုသူမဟုတ်ဟု ပုတ်ခတ်ခဲ့သော်လည်း လွတ်လပ်ရေးကိုအလိုရှိသောတိုင်းရင်းသားများက ထောက်ခံကြပါမှ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြသည်။

တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရမည်ဟု ဝန်ခံကတိပါသော အောင်ဆန်း-အက်တလီစာချုပ်သည် လွတ်လပ်ရေးရရှိရေးအတွက် သော့ချက်တစ်ခုပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလန်မှပြန်လာပြီးနောက် အခက်အခဲပေါင်းများစွာကြားမှ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်အောင်ကြိုးစားခဲ့သည်။

နယ်ချဲ့တို့က သွေးခွဲအုပ်ချုပ်ရန် ကြံရွယ်မှုကို အချိန်မီတားဆီးနိုင်ရေးအတွက် ပြည်မနှင့် ပြည်နယ်များ သွေးစည်းပေါင်းစည်းညီညွတ်နေကြောင်း သက်သေထူသည့်အနေဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် သမိုင်းဝင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

ထိုပင်လုံစာချုပ်တွင် ဗမာကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ကချင်ကိုယ်စားလှယ် ငါးဦးမှာ ဆမားဒူးဝါးဆင်ဝါးနောင်၊ ဒူးဝါးဇော်ရစ်၊ ဦးဒိန်ရတန်၊ ဒူးဝါးဇော်လွန်းနှင့် ဦးလဘန်ဂရောင်တို့ဖြစ်ကြသည်။ ချင်းကိုယ်စားလှယ်သုံးဦးမှာ ဦးလျှန်မှုန်၊ ဦးထောင်ဇာခုတ်နှင့် ဦးကီးယွမန်းတို့ဖြစ်ကြသည်။ ရှမ်းကိုယ်စားလှယ် ၁၄ ဦးမှာ စဝ်ခွန်ပန်းဆိုင်(တောင်ပိုင်းစော်ဘွား)၊ စဝ်ရွှေသိုက်(ညောင်ရွှေစော်ဘွား)၊ စဝ်ဟုံဖ(သိန္နီစော်ဘွား)၊ စဝ်နွံ(လဲချား)၊ စဝ်စံထွန်း(မိုင်းပွန်)၊ စဝ်ထွန်းဧ(သာမိုင်း)၊ ခွံဖုန်း(မြောက်ပိုင်း)၊ ဦးတင်အေး (တောင်ကြီး)၊ ဦးကြာပု(သီပေါ)၊ စဝ်ယစ်ဖ(ပင်လုံ)၊ ဦးခွန်ထီး(ပင်လုံ)၊ ဦးဖြူ(ဆီဆိုင်)၊ ဦးခွန်စော(ပင်းတယ) နှင့်ဦးထွန်းမြင့်(မောက်မယ်)တို့ဖြစ်ကြသည်။ စုစုပေါင်း ကိုယ်စားလှယ် ၂၃ ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ သမိုင်းဝင် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီ ၁၂ ရက်ကိုလည်း **"ပြည်ထောင်စုနေ့"**အဖြစ် သတ်မှတ်ခဲ့သည်။

ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်လိုက်သောအခါ နယ်ချဲ့တို့ တုန်လှုပ်ချောက်ချားသွားခဲ့ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားရေးလှုပ်ရှားမှုများတွင် တစ်ဗိုလ်တက်တစ်ဗိုလ်ဆင်း သားစဉ်မြေးဆက် စဉ်ဆက်မပြတ်တိုက်ပွဲဝင်ခဲ့ကြသောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးရခါနီးမှ နယ်ချဲ့တို့၏လက်ပါးစေ၊ လူမျိုးသစ္စာဖောက်တစ်စု၏ ယုတ်မာလုပ်ကြံမှုကြောင့် နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်သွားခဲ့ကြရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သော်လည်း နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲကာ လက်နက်ကိုင်ပဋိပက္ခများကား ယနေ့ထိ သက်ဆိုးရှည်နေဆဲပင်။

စစ်ရေးနှင့်နယ်ချဲ့မရသောအခါ နိုင်ငံရေး၊ စီးပွားရေးများနှင့် နယ်ချဲ့လာခဲ့ကြသည်။ အင်အားကြီးသူများက အင်အားငယ်သူများကို ခြယ်လှယ်သွေးထိုးလာခဲ့ကြကာ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ထိုနိုင်ငံ၏ ပြည်တွင်းသစ္စာဖောက်များကို မြှောက်ပင့်သွေးထိုးပေးနေကြပြီး နည်းမျိုးစုံဖြင့် နှောင့်ယှက်နေကြသည်။ နိုင်ငံတချို့တွင် အန္တရာယ်မျိုးစုံနှင့် ကြုံတွေ့နေကြရသည်။ ထိုနိုင်ငံတချို့ထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်နေသည်။

ဤနေရာတွင် လွတ်လပ်ရေးကြေညာစာတမ်းထဲမှ-

"ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက်၊ အဖွဲ့တစ်သင်း၏ အမွေအနှစ်မဟုတ်၊ မည်သူတစ်ဦးတစ်ယောက်အဖွဲ့အသင်း၏ ပုဂ္ဂလိကပိုင်ပစ္စည်းမဟုတ်။ မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်းကမှ ချုပ်ကိုင်အနိုင်သိမ်းယူအကျိုးခံစားအပ်သော နိုင်ငံမဟုတ်။"

"ငါတို့သည် တစ်မျိုးတစ်ဘာသာ၊ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကိုမလိုလား။ ကျောသားရင်သား၊ သူကားငါကား ခွဲခြားခြင်းကို အလိုမရှိ။ မြစ်ချောင်းသီတာသမုဒ္ဒရာတောင်တန်းတို့ဖြင့် ကမ္ဘာ့မွေ့တာသဘာဝအပိုင်းအခြား ထင်ရှားစွာသတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူတိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင်ကြရာ မြန်မာနိုင်ငံတော်တစ်ဝန်းကို တစ်သွေးတစ်သားတည်းဟူသောအကျိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်းဟူသောအကျိုးထူး၊ အလိုအလျောက်သဘာဝအထောက်အပံ့ဖြင့်သာလျှင် ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော အကျိုးထူး၊ ဤအကျိုးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင်ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ"ကို ပြန်လည်သတိရကြစေချင်သည်။

နှစ်ပေါင်းရှည်ကြာခဲ့သော ပြည်တွင်းစစ်။ အဖြူအနီ၊ အဝါ ရောင်စုံသူပုန်လက်နက်ကိုင်သောင်းကျန်းသူ၊ လက်နက်ကိုင်တိုင်းရင်းသားသွေးချင်းများ၊ အကြမ်းဖက်အဖျက်သမားများ၊ သူခိုးဓားပြကမ်း အမျိုးသားသစ္စာဖောက်များ စသည်ဖြင့် အမျိုးအစားများပြားလှသော ပြည်တွင်းစစ်။ စစ်ပြေးစစ်ဘေး

> ❖ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝမှ သူ့ကျွန်ဘဝကျရောက်ခဲ့ကြသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းသည် နယ်ချဲ့လက်အောက်တွင် လောကီငရဲမျိုးစုံကို ကြိတ်မှိတ်ခံစားခဲ့ကြရသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများတွင် တစ်ဗိုလ်တက်တစ်ဗိုလ်ဆင်း သားစဉ်မြေးဆက်စဉ်ဆက်မပြတ် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ကြသည်။ အသက်၊ သွေး၊ ချွေးများကို မငဲ့ကွက်ကြဘဲ စွန့်လွှတ်စွန့်စားခဲ့ကြသည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၈၄၀ စိုက်ပျိုးပြီးစီး

**ကသာ ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၈၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၂၁၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၈၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၃၂၁၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာဧက ၃၈၄၀ စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ၆၂၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီစတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်နည်းပညာများပေးခြင်း၊ ပိုးမွှားကာကွယ် နှိမ်နင်းနည်းများ ပညာပေးခြင်း၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## ပြည်ထောင်စုသားသွေးချင်းများ တွဲထားလက်များခိုင်စေသား

- ထီးကျိုးစည်ပေါက် နန်းပါပျောက်ခဲ့
  စိုးနှောင့်ဗျာပွေ တို့တစ်တွေသည်
  သေသော်မှပင် ကောင်းလိမ့်မည်။

- သူ့ကျွန်ဘဝ နေရတာရှည်
  ရာသီစက်ပြောင်း အချိန်ညောင်းတော့
  စုပေါင်းတော်လှန် ဂျပန်ဖက်ဆစ်
  တိုက်ထုတ်ပစ်ခဲ့ လူဆိုးလူညစ်
  အင်္ဂလိပ်ခေတ်လဲ စွဲမြဲတော်လှန်
  လွတ်လပ်ရန်အတွက် အားမာန်တင်းတင်း
  မျိုးချစ်သင်းတို့ စိတ်ရင်းထက်စွာ
  ကြိုးစားလာကြ လဖေဖော်ဝါရီ
  (၁၂)ရက်တည်းတွင် မြေညီတောင်တန်း
  ပြည့်လျှမ်းအကုန် မြို့ပင်လုံ၌
  တူစုံလူမျိုး လက်မှတ်ထိုးခဲ့။

- တစ်သွေးတစ်သား ညီနောင်များတို့
  ထိုးထားလက်မှတ် ထိုဖြစ်ရပ်ကြောင့်
  လွတ်လပ်ရေးပါ ရခဲ့ပါသည်
  ညီညာပေါင်းစု တို့ပြည်ထောင်စု။

- ထို့ကြောင့်သာပင် မှာခြွေချင်သည်
  ချစ်ခင်နေကြား တို့သွေးသားတို့
  တွဲထားလက်တွေ မပြုတ်စေဘဲ
  ခိုင်မြဲအစဉ် ရှိစေချင်သည်
  နောင်ညီပေါက်ဖွား မြန်ပြည်သားတို့။

**ဘိုမျိုး(ရွှေဘို)**

[(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုလျက်။]

➤ စာမျက်နှာ ၄ မှအဆက်

ဒုက္ခသည်များဘဝမှ ယာယီနေရပ်စွန့်ခွာသူ တိုင်းရင်းသားပြည်သူများဟု ဖြေသာအောင်ပြောင်းလဲခေါ်ဝေါ်ခဲ့သော်လည်း လောကီငရဲခံစားနေကြရသည့်ဝဋ်ဒုက္ခက လျော့နည်းမသွားဘဲ ဆထက်ကဲရက်စက်လာသော ပြည်တွင်းစစ်။ ကမ္ဘာပေါ်တွင် ပြည်တွင်းစစ် နှစ်အရှည်ကြာဆုံးနိုင်ငံအဖြစ် ဆိုးညစ်လှသည့်သမိုင်းတွင်ရစ်ခံရမည့် မြန်မာနိုင်ငံ။ တွေးကြည့်လျှင် ရှက်ဖွယ်လိလိအတိ။ ကြုံတွေ့နေကြရသည့် ဘေးဒုက္ခများကလည်းအပြည့်။ ရင်ထဲမှာ မချိပါဘိ။

ထို့ပြင် တိုင်းရင်းသားလူမျိုးပေါင်းရာကျော် စုပေါင်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို မည်သူတစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့၊ တစ်ပါတီ၊ တစ်အုပ်စု၏ အမွေအနှစ်မဟုတ်။ ပုဂ္ဂလိကအပိုင်ပစ္စည်းမဟုတ်။ တစ်နည်းနည်းဖြင့် ချုပ်ကိုင်အနိုင်သိမ်းယူ၊ မောင်ပိုင်စီးပြီး လူတစ်စုအကျိုးခံစားအပ်သော နိုင်ငံမဟုတ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးရပ်စလုံးမှာ ဤပြည်ထောင်စုအတွင်း၌ မှီတင်းနေထိုင်ကြသော အသက်ကြီးသူ၊ အသက်ငယ်သူ၊ အဝေးမှာနေသူ၊ အနီးမှာနေသူ၊ ယောက်ျား၊ မိန်းမ မခွဲခြားဘဲ သစ္စာတော်ခံနိုင်ငံသား(တိုင်းရင်းသားပြည်သူများအားလုံး)မှန်သမျှအားလုံး၏ အမွေအနှစ်အပိုင်ပစ္စည်း၊ အကျိုးခံစားခွင့်ရှိကြောင်း ရှင်းလင်းပြတ်သားစွာကြေညာထားရာ ထိုကြေညာချက်နှင့်ဆန့်ကျင်ပြီး အဘယ်ကြောင့် သူတစ်လူငါတစ်မင်း၊ စစ်ခင်းနေကြပါသနည်း။ အဘယ်ကြောင့် တစ်တောတစ်ကြက်ဖ ထကြွရမ်းကားနေကြပါသနည်း။ စဉ်းစားရကျပ်လွန်းလှပါဘိ။

တကယ်တော့ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများသည် သွေးကွဲမှုကို မလိုလားကြဘဲ သွေးစည်းညီညွတ်မှုကိုလိုလားကြကြောင်း သူတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံစကားပုံများက သက်သေထူနေကြသည်။ အချို့ကို ကောက်နုတ်ဖော်ပြရပါမူ-

| | | |
|---|---|---|
| ကချင် | - | အတူတူစားလျှင် မြိန်ရှက်သည်၊ အတူတူအိပ်လျှင် နွေးသည်။ |
| ဂျိန်ဖော့ | - | သံပူညှပ်နှင့်ကိုင်လျှင်မပူ။ မပြုတ်နိုင်။ အများလက်နှင့်ကိုင်လျှင် မညွတ်နိုင်။ စုပေါင်းကိုင်လျှင် အမြန်အောင်မြင်သည်။ |
| ချင်း | - | ကြက်အမျိုးပျောက်ခါနီးမှာ တစ်ကောင်နှင့်တစ်ကောင်ဆိတ်ကြတယ်။ |
| မွန် | - | တစ်လှေတည်းစီး တစ်ခရီးတည်းသွား၊ တစ်ခွက်တည်းသောက်။ |
| ရခိုင် | - | ဝါးကွဲက ရိဝင်ရေ။ |
| ရှမ်း | - | နွားကွဲလျှင် အမဲသားဖြစ်၊ အချောင်း(၁၀၀)ရှိတဲ့မြား လူအများမချိုးနိုင်။ |
| ဓနု၊ တောင်ရိုး | - | ကျီးလိုဝိုင်းကူညီပြီး ကြက်သွန်ဖြူလိုစုစည်း။ |
| ပအိုဝ်း | - | ရွာညီလျှင် ကျားမဝင်နိုင်ဟူ၍ဖြစ်ရာ တိုင်းရင်းသားလူမျိုးတိုင်းသည် သွေးစည်းညီညွတ်မှုကို အလွန်ပင်အလေးထားနေကြကြောင်း သူတို့၏စကားပုံများက သက်သေထူနေသည်။ |

အချုပ်ဆိုရသော် နိုင်ငံတော်အစွန့်ရှည်တည်တံ့ရေး၊ ငြိမ်းချမ်းသာယာရေးအတွက် အောက်ဖော်ပြပါ ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို သက်ဝင်ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေချင်သည်-

၁။ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၃။ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## နိုင်ငံတကာ သတင်းများ

# ပါကစ္စတန်၌ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကျင်းပ ပြည်သူသန်းပေါင်းများစွာ ပါဝင်မဲပေး

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၈**

ပါကစ္စတန်အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ယနေ့တွင် ကျင်းပခဲ့ရာ ပါကစ္စတန်ပြည်သူသန်းပေါင်းများစွာတို့ ဆောင်းရာသီအအေးဒဏ်ကို အန်တု၍ ပါဝင်မဲပေးခဲ့ကြကြောင်း သိရသည်။

လွှတ်တော်ရွေးကောက်ပွဲများ မတိုင်မီ ရွေးကောက်ပွဲနှင့် ဆက်စပ်နေသည့်အကြမ်းဖက်မှုများကြောင့် လူပေါင်း ၃၃ ဦး သေဆုံးခဲ့ရပြီး နောက်တစ်ရက်တွင် လွှတ်တော်ရွေးကောက်ပွဲများကို ပါကစ္စတန်နိုင်ငံကကျင်းပနေခြင်းဖြစ်သည်။

သို့သော် ပါကစ္စတန်အစိုးရသည် ရွေးကောက်ပွဲကာလမဲရုံများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို နိုင်ငံတစ်ဝန်းဖြန့်ကြက်ထားပြီး မိုဘိုင်းလ်ဖုန်း ဝန်ဆောင်မှုများကိုလည်း ယာယီရပ်ထားခဲ့သည်။

ပါကစ္စတန်လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၄၄ ပါတီတို့က အမျိုးသားလွှတ်တော်အမတ်နေရာ ၂၆၆ နေရာတို့အတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းရွေးကောက်ပွဲရလဒ်အရ ပေါ်ထွက်လာသည့် လွှတ်တော်သစ်သည် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်ပေးရမည်ဖြစ်သည်။

ပါကစ္စတန်အမျိုးသားလွှတ်တော်ရွေးကောက်ပွဲရလဒ်များမှာ ယနေ့ညပိုင်းတွင် ပေါ်ထွက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ပနားမားသမ္မတဟောင်းကို နိုင်ငံရေးခိုလှုံခွင့်ပေးရန် နီကာရာဂွါအစိုးရ ဆုံးဖြတ်

**မနာဂွါ ဖေဖော်ဝါရီ ၈**

ပနားမားသမ္မတဟောင်း ရီကာဒိုမာတီနယ်လီကို နီကာရာဂွါအစိုးရက နိုင်ငံရေးခိုလှုံခွင့်ပေးထားကြောင်း ဖေဖော်ဝါရီ ၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် ပြည်တွင်း၌ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရမှုနှင့် ရင်ဆိုင်နေရသည့် ပနားမားသမ္မတဟောင်း မာတီနယ်လီက ပနားမားစီးတီးမြို့ရှိ နီကာရာဂွါသံရုံး၏ အကာအကွယ်ပေးမှုကို တောင်းခံပြီးနောက် မာတီနယ်လီကိုနိုင်ငံရေးခိုလှုံခွင့်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း နီကာရာဂွါအစိုးရက ဖေဖော်ဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

နီကာရာဂွါနိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့်တောင်းထားကြောင်း ပနားမားသမ္မတဟောင်း မာတီနယ်လီကလည်း ရိုက်တာသတင်းဌာနသို့ အတည်ပြုပြောကြားထားကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်တွင် သမ္မတဟောင်း မာတီနယ်လီမှာ ပနားမားနိုင်ငံတွင်း၌ ရှိနေဆဲဖြစ်သည်။

မာတီနယ်လီသည် အသက်အန္တရာယ် အချိန်မရွေးကျရောက်နိုင်သော နိုင်ငံရေးဖိနှိပ်မှု၏ သားကောင်အဖြစ် ကိုယ့်ကိုယ်ကိုယ် မှတ်ယူထားကြောင်း နီကာရာဂွါနိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြထားသည်။

ပနားမားသမ္မတဟောင်း မာတီနယ်လီသည် ငွေကြေးခဝါချမှုစွဲချက်ဖြင့် ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခံထားရသူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အမေရိကန်ရုပ်သံသတင်းထောက် တပ်ကာကာလ်ဆန် ရုရှားသမ္မတပူတင်ကို တွေ့ဆုံမေးမြန်းခွင့်ရရှိ





**မော်စကို ဖေဖော်ဝါရီ ၈**

အမေရိကန် ရုပ်သံသတင်းထောက် တပ်ကာကာလ်ဆန်သည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခွင့်ရရှိခဲ့ကြောင်း ကရင်မလင်နန်းတော်က ဖေဖော်ဝါရီ ၇ရက်တွင် အတည်ပြုထားသည်။

အမေရိကန် သတင်းထောက် တပ်ကာကာလ်ဆန်၏ သတင်းတင်ပြပုံမှာ အခြားအနောက်အုပ်စုမီဒီယာများ၏ ယူကရိန်းပြဿနာ တစ်ဖက်သတ်သတင်းတင်ပြပုံများနှင့်ကွဲပြားမှုကြောင့် သမ္မတပူတင်က ၎င်းနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခွင့် ပေးခဲ့ခြင်းဖြစ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားခဲ့သည်။

သည်ဖောက်စ် သတင်းဌာန၏ ရုပ်သံသတင်းတင်ဆက်သူဟောင်း တပ်ကာကာလ်ဆန်သည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည့် ပထမဆုံး အမေရိကန်သတင်းထောက်ဖြစ်ခဲ့သည်။

ရုရှားသမ္မတပူတင်နှင့် နောက်ဆုံးတစ်ကြိမ် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သော အမေရိကန်သတင်းထောက်မှာ ဟက်ဒလေဂမ်ဘယ်လ်ဖြစ်ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အနောက်အုပ်စု မီဒီယာများသည် ယူကရိန်းစစ်ပွဲနှင့်ပတ်သက်၍ သတင်းတင်ပြရာတွင် ယူကရိန်းအစိုးရအလိုကျ တစ်ဖက်သတ်တင်ပြနေကြောင်း တပ်ကာကာလ်ဆန်က ဝေဖန်ခဲ့ဖူးသည်။

တပ်ကာကာလ်ဆန်သည် ယူကရိန်းသမ္မတဇီလန်စကီးနှင့်လည်းတွေ့ဆုံမေးမြန်းခွင့်ရရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂျာမနီနိုင်ငံက လေကြောင်းရန်ကာကွယ်ရေးဖရီးဂိတ်စစ်သင်္ဘောကို ပင်လယ်နီဒေသသို့ စေလွှတ်

**ဘာလင် ဖေဖော်ဝါရီ ၈**

ဥရောပသမဂ္ဂ၏ ပင်လယ်နီရေလမ်းကြောင်းများကာကွယ်ရေး ရေတပ်မစ်ရှင်၌ ပူးပေါင်းပါဝင်ရန် ဂျာမနီနိုင်ငံက လေကြောင်းရန် ကာကွယ်ရေး ဖရီးဂိတ်စစ်သင်္ဘောတစ်စီးကို ပင်လယ်နီဒေသသို့ စေလွှတ်ထားကြောင်းယနေ့သတင်းများအရ သိရသည်။

ဟက်စ်အမည်ရှိ အဆိုပါလေကြောင်းရန်ကာကွယ်ရေး ဖရီးဂိတ်စစ်သင်္ဘောသည် မြောက်ပင်လယ်ဒေသ ဝီအမ်ရှားဗင်းဆိပ်ကမ်းမှ တစ်ဆင့် ယနေ့တွင် စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ဂျာမနီစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဟက်စ်လေကြောင်းရန်ကာကွယ်ရေး ဖရီးဂိတ်စစ်သင်္ဘော၌ အကွာအဝေး၂၄၈မိုင်အဝန်းအဝိုင်းအတွင်းရှိ ပစ်မှတ်များကို ရှာဖွေထောက်လှမ်းနိုင်သည့်ရေဒါစနစ်ပါရှိသည်။

ပင်လယ်နီ ရေလမ်းကြောင်းများအား ယီမင်အခြေစိုက် ဟူသီသူပုန်များရန်မှ ကာကွယ်ရန် ပင်လယ်နီ ရေလမ်းကြောင်းများ လုံခြုံရေး ပူးတွဲရေတပ်မစ်ရှင်ကို ယခုလလယ်ပိုင်းတွင် စတင်ရန် ဥရောပသမဂ္ဂက စီစဉ်ထားသည်။

အစ္စရေး၏ ဂါဇာစစ်ပွဲကို တုံ့ပြန်သည့်အနေဖြင့် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် အရပ်ဘက်ကုန်တင်သင်္ဘောများကို ပြီးခဲ့သည့်နှစ် နှစ်ကုန်ပိုင်းမှစ၍ တိုက်ခိုက်ခဲ့သည်။

အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများသည်လည်း ပင်လယ်နီရေလမ်းကြောင်းများကို ကာကွယ်ရေးအတွက် ပူးတွဲရေတပ်မစ်ရှင်များ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တောင်ကိုရီးယားနှင့်ရယူထားသော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး သဘောတူညီချက်များကို မြောက်ကိုရီးယားပြည်သူ့လွှတ်တော်ပယ်ဖျက်

**ပြုံယမ်း ဖေဖော်ဝါရီ ၈**



တောင်ကိုရီးယားနှင့် ရယူထားသောနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး သဘောတူညီချက်အားလုံးကို မြောက်ကိုရီးယားပြည်သူ့လွှတ်တော်က ဖေဖော်ဝါရီ ၇ ရက်တွင် ပယ်ဖျက်ခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယားပြည်သူ့လွှတ်တော်သည် တောင်ကိုရီးယားနှင့်စီးပွားရေးဆက်ဆံမှုများအတွက် ရည်ရွယ်ပြဋ္ဌာန်းထားသည့် ဥပဒေများကိုလည်း ပယ်ဖျက်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် ထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားက ဖျက်သိမ်းခဲ့သည့်ဥပဒေများထဲတွင် မောင့်ကမ်ဂန်းတောင်ခရီးသွားလုပ်ငန်း စီမံချက်အထူးဥပဒေလည်း ပါဝင်သည်။

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ဆက်လက်ပျက်ပြားနေချိန်တွင် တောင်ကိုရီးယားနှင့်ရယူထားသော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး သဘောတူညီချက်များကို မြောက်ကိုရီးယားက ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားကို စစ်ကာလရန်သူနိုင်ငံအဖြစ် သတ်မှတ်ထားကြောင်း မြောက်ကိုရီးယားအစိုးရက ပြောကြားထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်နှစ်ကလည်း နယ်စပ်စစ်ရေးတင်းမာမှုများ လျှော့ချရေးအတွက် တောင်ကိုရီးယားနိုင်ငံနှင့် ၂၀၁၈ခုနှစ်တွင်ရယူခဲ့သော စစ်ရေးသဘောတူညီချက်တစ်ရပ်ကိုလည်း ပယ်ဖျက်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီ၏ ဂြိုဟ်တုတစ်စင်း ယခုလကုန်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်



**ပဲရစ် ဖေဖော်ဝါရီ ၈**

ဥရောပအာကာသအေဂျင်စီ၏ ဂြိုဟ်တုတစ်စင်းသည် ယခုလကုန်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက် သတင်းများအရ သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် ERS-2 အမည်ရှိ အဆိုပါဂြိုဟ်တု ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည့် အခြေအနေအတွက် ၎င်းဂြိုဟ်တု၏ မစ်ရှင်သက်တမ်း မကုန်မီ ပြင်ဆင်မှုများ စတင်ခဲ့ကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် အဆိုပါဂြိုဟ်တု လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတွင် ဒုံးကန်အားစနစ်များ အကူအညီဖြင့် ဂြိုဟ်တု၏ ပတ်လမ်းအမြင့်ကို မူလ ၄၈၈ မိုင်မှ ၃၅၆ မိုင်ထိ လျှော့ချပေးထားပြီးဖြစ်ကြောင်း သိရသည်။

၁၉၉၅ ခုနှစ် ဧပြီလတွင် လွှတ်တင်ခဲ့သည့် ERS-2 မြေကမ္ဘာလေ့လာရေးဂြိုဟ်တုသည် ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် စူးစမ်းလေ့လာရေးတာဝန်များ ပြီးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ERS-2 ဂြိုဟ်တု ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည့်နေရာနှင့် ဝင်ရောက်မည့်အချိန်တို့ကို အတိအကျ မသိရသေးပေ။

ERS-2 ဂြိုဟ်တုသည် လောင်စာမပါ အသားတင်အလေးချိန် ၂၂၉၄ ကီလိုဂရမ်ရှိသော အရွယ်အစားကြီးမားသည့် ဂြိုဟ်တုတစ်စင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Ax-3 မစ်ရှင်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိနေသည့် ပုဂ္ဂလိက အာကာသခရီးသည်လေးဦး ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

Ax-3 မစ်ရှင်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိနေသည့် ပုဂ္ဂလိက အာကာသခရီးသည်လေးဦးသည် ဖေဖော်ဝါရီ ၉ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ ပုဂ္ဂလိက အာကာသခရီးသည် လေးဦး လိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဖေဖော်ဝါရီ ၇ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် ဖေဖော်ဝါရီ ၉ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ ပစိဖိတ်သမုဒ္ဒရာဒေသ၌ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။




အဆိုပါ အာကာသလူသယ်ယာဉ်သည် ဖေဖော်ဝါရီ ၃ ရက်က နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ရန် စီစဉ်ထားသော်လည်း ပြန်လည်ဆင်းသက်မည့် နေရာ၏ ရာသီဥတုအခြေအနေများကြောင့် ဖေဖော်ဝါရီ ၇ ရက်မှသာ ခွာထွက်ခဲ့ရခြင်းဖြစ်သည်။

Ax-3 မစ်ရှင်သည် Axiom Space ကုမ္ပဏီက စီစဉ်ခဲ့သည့် တတိယမြောက် နိုင်ငံတကာ အာကာသစခန်း ပုဂ္ဂလိကခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ax-3 မစ်ရှင်ကို Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ယခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## မီးမက်စ်ဂြိုဟ်ရံလ၏ ရေခဲပြင်လွှာအောက်တွင် သမုဒ္ဒရာတစ်စင်းရှိနေနိုင်

**ပဲရစ် ဖေဖော်ဝါရီ ၈**

စနေဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သည့် မီးမက်စ် (Mimas) ဂြိုဟ်ရံလ၏ ရေခဲပြင်လွှာအောက်တွင် သမုဒ္ဒရာတစ်စင်းရှိနေနိုင်ကြောင်း ဖေဖော်ဝါရီ ၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ခဲ့သည့် ကတ်ဆီနီအာကာသယာဉ်မှရရှိသော သတင်းအချက်အလက်များအရ မီးမက်စ်ဂြိုဟ်ရံလပေါ်တွင် မြေအောက်သမုဒ္ဒရာတစ်စင်း တည်ရှိနေနိုင်ကြောင်း ပြင်သစ် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ မြေအောက်သမုဒ္ဒရာသည် မီးမက်စ်ဂြိုဟ်ရံလ၏ ရေခဲပြင်လွှာအောက် အနက် ကီလိုမီတာ ၂၀ နှင့် ၃၀ ကြားတွင် တည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ထို့ပြင် မီးမက်စ်ဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာ၏ သက်တမ်းမှာ နှစ်ပေါင်း ၂၅ သန်းခန့်ရှိပြီး ဆက်လက်ဖွံ့ဖြိုးနေဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကတ်ဆီနီ အာကာသယာဉ်မှ ရရှိထားသော အချက်အလက်များအရ မီးမက်စ်ဂြိုဟ်ရံလ၌ ယခင်ထင်ထားသကဲ့သို့ အမာထည်ဝတ်ဆံလုံးများမရှိဘဲ မြေအောက်သမုဒ္ဒရာတစ်စင်းတည်ရှိနေသည့် အထောက်အထားများ တွေ့ရှိထားရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မီးမက်စ်ဂြိုဟ်ရံလသည် အရွယ်အစားသေးငယ်သော်လည်း အလွန်ကြီးမားသည့် ဥက္ကာချိုင့်ဝှမ်းတစ်ခုပိုင်ဆိုင်ထားသော ဂြိုဟ်ရံလဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## အကြားအာရုံထိခိုက်မှုက သက်ကြီးပိုင်းများ၏ စိတ်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်နိုင်

**နယူးယောက် ဖေဖော်ဝါရီ ၈**

အကြားအာရုံ ထိခိုက်ချို့ယွင်းမှုသည် သက်ကြီးပိုင်းများ၏ စိတ်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားသည်။

သက်ကြီးပိုင်းဘဝ၌ အကြားအာရုံပျက်စီးမှုကို ကုသခြင်းမရှိခဲ့ပါက လူမှုရေးအရ အထီးကျန်မှုပြဿနာနှင့် စိတ်ကျဝေဒနာများ ခံစားရနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

လူမှုရေးအရ အထီးကျန်မှုနှင့် စိတ်ကျဝေဒနာတို့သည် သက်ကြီးပိုင်းများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ၏ အဓိကရောဂါနောက်ခံအကြောင်းတရားများထဲတွင် ပါဝင်ကြောင်း သိရသည်။

အကြားအာရုံ ထိခိုက်ပျက်စီးမှုသည် သက်ကြီးပိုင်းများ ရင်ဆိုင်ရတတ်သော တတိယအဖြစ်အများဆုံး ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်ကြောင်း သိရသည်။

အမေရိကန်အမျိုးသားကျန်းမာရေးအင်စတီကျုက ၂၀၀၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာချက် တစ်ရပ်အရလည်း အကြားအာရုံပျက်စီးမှုနှင့် Dementia ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိသည်ဟု တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နားကြားကိရိယာများသုံးစွဲခြင်းဖြင့် သက်ကြီးပိုင်းများအနေဖြင့် Dementia ဖြစ်နိုင်ခြေကို ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်သည်ဟု သုတေသနပညာရှင်များက တင်ပြထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နှာခေါင်းနှိုက်သည့်အလေ့အထနှင့် Dementia ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိ

**ကင်ဘာရာ ဖေဖော်ဝါရီ ၈**

နှာခေါင်းနှိုက်သည့် အလေ့အထနှင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိကြောင်း ဖေဖော်ဝါရီ ၇ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များ၏အဆိုအရ နှာခေါင်းနှိုက်နေချိန်တွင် ဗက်တီးရီးယားများနှင့် မှိုများ နှာခေါင်းမှတစ်ဆင့် ဦးနှောက်အတွင်း ရောက်သွားနိုင်ပြီး Dementia ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပြင်ပမှ အဏုဇီဝပိုးများသည် နှာခေါင်းနှိုက်နေချိန်တွင် Nasal Cavity ခေါ် နှာခေါင်းအတွင်းပိုင်း လေအိတ်အတွင်း ရောက်သွားနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ရောဂါပိုးများ ဝင်ရောက်ချိန်ရောင်ရမ်းမှုများကြောင့် ဦးနှောက်အတွင်း အမိုင်လွိုက်ဘီတာ ပရိုတင်းများ စုစည်းမှုမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

နှာခေါင်းနှိုက်မှု အလေ့အထ (Rhinotillexomania) ကြောင့် လက်မှ အဏုဇီဝပိုးမွှားများ နှာခေါင်းအတွင်းသို့ ဝင်ရောက်နိုင်ခြေ မြင့်တက်သွားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ရောဂါပိုးများ ဝင်ရောက်ချိန်ရောင်ရမ်းမှုကြောင့် ဦးနှောက်အတွင်း အမိုင်လွိုက်ဘီတာပရိုတင်းများသည် အယ်ဇိုင်းမားလူနာများ၌ တွေ့ရတတ်သည့် ရောဂါလက္ခဏာဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်များ

ML

**မန်စီးတီး Vs အဲဗာတန်**

**ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၄ (ည ၇:၀၀နာရီ)**
**နောက်ဆုံးတွေ့ဆုံမှုရလဒ်**
**အဲဗာတန် ၁ - ၃ မန်စီးတီး**
**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| အဲဗာတန် | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |

မန်စီးတီးဟာ ဒီဘရိုင်းပြန်ပါနိုင်တဲ့ပွဲတွေမှာ တိုက်စစ်ကစားပုံထက်မြက်လာခဲ့ပြီး နိုင်ပွဲဆက်နေတာကြောင့် အခုပွဲစဉ်မှာလဲ အဲဗာတန်ကို ဂိုးပြတ်အနိုင်ရအုံးမှာသေချာပါတယ်။ အဲဗာတန်အသင်းကတော့ တန်းဆင်းဇုန်ကလွတ်ဖို့ ပြိုင်ပွဲတိုင်းအာရုံစိုက်ကစားနေပေမဲ့ တိုက်စစ်ပိုင်းခြေစွမ်းကျဆင်းနေတာကြောင့် နောက်ဆုံးငါးပွဲမှာတစ်ပွဲသာအနိုင်ရခဲ့တာဖြစ်လို့ မန်စီးတီးအသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်စီးတီး ၃ - ၁ အဲဗာတန်**

**စပါး Vs ဘရိုက်တန်**

**ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၄ (ည ၀၉:၃၀နာရီ)**
**နောက်ဆုံးတွေ့ဆုံမှုရလဒ်**
**ဘရိုက်တန် ၄ - ၂ စပါး**
**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| ဘရိုက်တန် | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

စပါးအသင်းဟာ အဓိကကစားသမားတွေ ဒဏ်ရာကပြန်လည်ကောင်းမွန်လာပြီးနောက်ပိုင်း ရလဒ်ပိုင်းကောင်းလာတာကြောင့် အခုပွဲစဉ်ကိုလဲ ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။ဘရိုက်တန်ကတော့ အဝေးကွင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် စပါးအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် စပါးကိုပဲရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - စပါး ၂ - ၁ ဘရိုက်တန်**

## အီတလီစီးရီးအေ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

ML

**ကက်ဂလီယာရီ Vs လာဇီယို**

**ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၄ (ည ၀၈:၃၀နာရီ)**
**နောက်ဆုံးတွေ့ဆုံမှုရလဒ်**
**လာဇီယို ၁ - ၀ ကက်ဂလီယာရီ**
**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| လာဇီယို | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |

ကက်ဂလီယာရီအသင်းဟာ ဒဏ်ရာရကစားသမားတွေများနေတာကြောင့် နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲမရခဲ့တာဖြစ်ပါတယ်။ လာဇီယိုအနေနဲ့ အခုပွဲစဉ်ကို နိုင်ပွဲရမှသာ ဥရောပဝင်ခွင့်ရရှိမှာဖြစ်သလို ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံမှာလဲ ကက်ဂလီယာရီအသင်းထက် သာလွန်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် နိုင်ပွဲရှာရမဲ့ လာဇီယိုနဲ့ပဲလက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ကက်ဂလီယာရီ ၁ - ၂ လာဇီယို**

### အားကစားသတင်း အတိုအထွာများ

- အမျိုးသမီးကွန်တီဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် လိုင်းယွန်းစီးတီးအသင်းတို့ကစားမည့်ပွဲစဉ်တွင် ကွင်းအတွင်းရေဝင်နေမှုကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။
- အာဆင်နယ်အသင်းမှ ခံစစ်ကစားသမား မာကွင်ဟိုသည် ဘရာဇီးကလပ် ဖလူမီနန့်စီအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သည်။
- ဘာစီလိုနာအသင်းက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ဒီဂျောင်းနှင့်ခံစစ်ကစားသမား အာရူဂျိုတို့ကိုရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

## အာရှဖလားပြိုင်ပွဲတွင် အီရန်ကိုအနိုင်ရခဲ့သည့် ကာတာအသင်း ဗိုလ်လုပွဲသို့နှစ်ကြိမ်ဆက်တက်ရောက်



**ဒိုဟာ ဖေဖော်ဝါရီ ၈**

ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကာတာအသင်းက အီရန်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သောကြောင့် နှစ်ကြိမ်ဆက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ကျင်းပနေသည့် အာရှဖလားပြိုင်ပွဲတွင် ရေပန်းစားနေသည့် အသင်းများဖြစ်သည့် ဂျပန်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် အီရန်အသင်းကိုရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရသကဲ့သို့ တောင်ကိုရီးယားအသင်းသည်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ဂျော်ဒန်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ယခုပွဲစဉ်တွင် ဂျပန်အသင်းကို အနိုင်ရခဲ့သည့် အီရန်အသင်းအနေဖြင့် ကာတာအသင်းကိုပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် လေးမိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ကာတာအသင်း၏ တိုက်စစ်မြှင့်ကစားမှုများကို ဟန့်တားနိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် ၁၇ မိနစ်တွင် ချေပဂိုးပွဲချိန် ၄၃ မိနစ်တွင် ဦးဆောင်ဂိုးများ ခွင့်ပြုခဲ့ရပြီး ပထမပိုင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယပိုင်းတွင် အီရန်အသင်းက တိုက်စစ်ကစားပုံပြောင်းလဲခဲ့သဖြင့် ပွဲချိန် ၅၁ မိနစ်တွင် ပင်နယ်တီမှ ချေပဂိုးပြန်လည်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်မည့် အခွင့်အရေးများ ပြန်လည်ရရှိခဲ့သော်လည်း ကာတာအသင်း လူစားလဲမှန်ကန်မှုများကြောင့် တိုက်စစ်ကစားပုံအားကောင်းလာခဲ့ရာ ပွဲချိန် ၈၂ မိနစ်တွင် ဦးဆောင်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်။

ကာတာအသင်းသည် ၂၀၁၉ ခုနှစ် အာရှဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဂျပန်အသင်းနှင့်တွေ့ဆုံခဲ့ရာ သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ပထမဆုံးအကြိမ် ဆုဖလားရယူနိုင်ခဲ့သကဲ့သို့ ယခုနှစ် အိမ်ရှင်အဖြစ် ကျင်းပချိန်တွင်လည်း ရေပန်းစားနေသည့် အသင်းများကို အနိုင်ယူကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ဂျော်ဒန်အသင်းနှင့်တွေ့ဆုံနေသောကြောင့် ဒုတိယအကြိမ် ချန်ပီယံဆုဖလားရရှိရန် သေချာနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## Genesis Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ကစားသမား တိုက်ဂါးဝုဒ် ပါဝင်ယှဉ်ပြိုင်မည်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပမည့် Genesis Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်ပြင်ဆင်နေကြောင်း အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်က ယနေ့တွင် ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်သည် ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေရသည့် ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်ပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာဖို့ဖြစ်သလို ပြိုင်ပွဲဝင်ရန်အတွက်လည်း ပြင်ဆင်လေ့ကျင့်ထားကာ ၎င်းအတွက် ယခုနှစ် ဂေါက်သီးရိုက်ရာသီ၏ ပွဲဦးထွက်အနေဖြင့် Genesis Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

အသက် ၄၈ နှစ်အရွယ် တိုက်ဂါးဝုဒ်သည် ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီ၌ 2023 The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် PGA Tour ၏ တရားဝင်ပြိုင်ပွဲများ၌ နောက်ဆုံးယှဉ်ပြိုင်ထားသည့်ပြိုင်ပွဲဖြစ်ပြီး ယင်းနောက်ပိုင်း Genesis Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုံး ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

ဂေါက်သီးရိုက် လောက၏ အအောင်မြင်ဆုံးသော ဂေါက်သီးရိုက်ကစားသမား တစ်ဦးဖြစ်ပြီး ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားများ၏ လေးစားမှုကို ရရှိထားသည့် တိုက်ဂါးဝုဒ်ပြန်လည်ပါဝင်လာမည့် အခြေအနေကြောင့် Genesis Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခင်နှစ်များကထက် ပရိသတ်စိတ်ဝင်စားမှုနှုန်း မြင့်မားမည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



## နိုင်ဂျီးရီးယားအသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ အာဖရိကဖလားဗိုလ်လုပွဲတက်ရောက်

**အဘစ်ဂျန် ဖေဖော်ဝါရီ ၈**

အာဖရိကဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းက တောင်အာဖရိကအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့်လည်းကောင်း၊ အိုင်ဗရီကို့စ်အသင်းက ကွန်ဂိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်းအနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းသည် တောင်အာဖရိကအသင်းကို ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း တောင်အာဖရိကအသင်းက ဘောလုံးပိုင်ဆိုင်မှုပိုမိုရရှိခဲ့ပြီး အပြန်အလှန်ဖိအားပေးမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ကာ ဒုတိယပိုင်းတွင်ဦးဆောင်ဂိုးရရှိရန် နိုင်ဂျီးရီးယားအသင်းက တိုက်စစ်မြှင့်လာခဲ့သဖြင့် ပွဲချိန် ၆၇ မိနစ်တွင် ပင်နယ်တီမှ ဂိုးရခဲ့ပြီး တောင်အာဖရိကအသင်းကို ဖိအားပေးနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ တွင် တောင်အာဖရိကအသင်းက ပင်နယ်တီမှ ချေပဂိုးပြန်လည်ရရှိခဲ့သောကြောင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုနှင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရကာ နိုင်ဂျီးရီးယားအသင်းက လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲတက်ရောက်ခဲ့ကြောင်း သိရသည်။

အခြားပွဲစဉ်အဖြစ် အိုင်ဗရီကို့စ်အသင်းနှင့် ကွန်ဂိုအသင်းတို့ ပွဲစဉ်တွင် အိမ်ရှင်အိုင်ဗရီကို့စ်က ဘောလုံးပိုင်ဆိုင်မှုအသာရခဲ့သော်လည်း ကွန်ဂိုအသင်း၏ ပြန်လည်ဖိအားပေးမှုများကြောင့် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန် ၆၅ မိနစ်အရောက်တွင် တိုက်စစ်မှူးဟော်လာက အိုင်ဗရီကို့စ်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ကာ လက်ကျန်ပွဲချိန်များတွင် ပြိုင်ပွဲကို ထိန်းချုပ်နိုင်ခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

နိုင်ဂျီးရီးယား အသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ ဗိုလ်လုပွဲစဉ်ကို လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တတိယလုပွဲစဉ်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် တောင်အာဖရိကအသင်းနှင့် ကွန်ဂိုအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၈**

လက်ဝှေ့မျိုးဆက်သစ်အားကစားသမားများနှင့် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ (အမျိုးသား၊အမျိုးသမီး)ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ်များကို ယနေ့ နေ့လယ် ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ လက်ဝှေ့ပြိုင်ပွဲ(အမျိုးသား၊အမျိုးသမီး)ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသမီး (၄၈)ကီလို၊ အမျိုးသမီး(၅၂)ကီလို၊ အမျိုးသမီး(၅၇)ကီလို၊ အမျိုးသား (၄၈)ကီလို၊ အမျိုးသား(၅၄)ကီလို၊ အမျိုးသား(၅၇)ကီလို၊ အမျိုးသား (၆၀)ကီလို၊ အမျိုးသား(၆၃ ဒသမ ၅)ကီလို၊ အမျိုးသား(၆၇)ကီလိုနှင့် အမျိုးသား(၇၁)ကီလိုပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ (အမျိုးသား၊အမျိုးသမီး)ဝိတ်တန်းအလိုက် ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများနှင့်(အမျိုးသား၊ အမျိုးသမီး)အကောင်းဆုံး လက်ဝှေ့သမားဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ကျော်စိုး၊ ဦးကိုကိုအောင်နှင့်တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဦး၊ဦးကျော်ဆန်းဦးနှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံ၌ ဖေဖော်ဝါရီ ၅ ရက်မှစတင် ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

STA

# မြန်မာခရစ်ကတ်အားကစားအဖွဲ့ အာရှခရစ်ကတ်ကောင်စီ အမျိုးသမီးပရီးမီးယားဖလား (ACC Women's Premier Cup) ဝင်ရောက်ယှဉ်ပြိုင်ရန် မလေးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှခရစ်ကတ်ကောင်စီ အမျိုးသမီး ပရီးမီးယားဖလား (ACC Women's Premier Cup) ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာခရစ်ကတ်အားကစားအဖွဲ့ ယနေ့ နံနက်ပိုင်းက လေယာဉ်အမှတ် 8M-501 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အာရှခရစ်ကတ်ကောင်စီ အမျိုးသမီး ပရီးမီးယားဖလား (ACC Women's Premier Cup)ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာခဲ့သည့် မြန်မာခရစ်ကတ်အားကစားအဖွဲ့တွင် မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်မှ အုပ်ချုပ်သူနည်းပြ သုံးဦး၊ အားကစားသမား ၁၄ ဦး စုစုပေါင်း ၁၇ ဦးလိုက်ပါခဲ့ကြသည်။

မြန်မာခရစ်ကတ်အားကစားအဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာခရစ်ကတ် အားကစားအဖွဲ့ချုပ်မှတာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အာရှခရစ်ကတ်ကောင်စီ အမျိုးသမီး ပရီးမီးယားဖလား (ACC Women's Premier Cup)ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံကို လေးသင်းတစ်အုပ်စုခွဲ၍ ပတ်လည်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(A)တွင် ထိုင်းနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်လျက် ရှိနေကြောင်း သိရသည်။

STA

# ၂၀၂၄ ခုနှစ် တင်းနစ်ရာသီအကုန်တွင် ကစားသမားဘဝမှ အပြီးတိုင်အနားယူမည်ဖြစ်ကြောင်း ဒန်နီလီကောလင်း ထုတ်ပြန်



**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

အမေရိကန်တင်းနစ်မယ် ဒန်နီလီကောလင်းသည် ယခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲအရပ်ရပ်တို့တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်ထားပြီး ပြိုင်ပွဲအရပ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်ကာ ရာသီအကုန်တွင် ကစားသမားဘဝမှ အပြီးတိုင်အနားယူတော့မည် ဖြစ်ကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

2021 Palermo Open နှင့် 2021 Silicon Valley Classic တင်းနစ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ဖူးသည့် ဒန်နီလီကောလင်းသည် အသက် ၃၀ အရွယ်သာရှိသေးသော်လည်း မိမိဘဝ၏ စာမျက်နှာသစ်ကို ဖွင့်လှစ်ရန် တင်းနစ်လောကကို စွန့်ခွာကာ အခြားသော လမ်းကြောင်းတစ်ခုပေါ်သို့ လျှောက်လှမ်းရန်အတွက် ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒန်နီလီကောလင်းသည် တင်းနစ်လောကတွင် ဖြတ်သန်းနေစဉ်ကာလတစ်လျှောက် စွမ်းဆောင်ရည်ပိုင်းသည် အောင်မြင်မှုများစွာဆွတ်ခူးနိုင်သည့် အနေအထားဖြစ်သော်လည်း ဒဏ်ရာပြဿနာကြောင့် မကြာခဏအနားယူနေရသူဖြစ်ပြီး ထိုက်သင့်သလောက် အောင်မြင်မှု မရဘဲဖြစ်နေခဲ့သည်။

ယင်းအတွက်ကြောင့် ယခုနှစ် တင်းနစ်ရာသီသည် ကစားသမားဘဝ၏ နောက်ဆုံးရာသီဖြစ်သည့်အတွက် အနားမယူခင် တင်းနစ်ပြိုင်ပွဲအရပ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသည်ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

## စပိန်လာလီဂါ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

STA

**ရီးရဲလ်မက်ဒရစ် Vs ဂျီရိုနာ**

ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၄ (ည ၁၂း၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂျီရိုနာ ၀ - ၃ ရီးရဲလ်မက်ဒရစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |
| ဂျီရိုနာ | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

နှစ်သင်းစလုံး ချန်ပီယံလမ်းကြောင်းပေါ်မှာရှိနေကြတယ်ဆိုပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ဂျီရိုနာအသင်းခြေစွမ်းပိုင်း မတည်မငြိမ်ဖြစ်နေပါတယ်။ ရီးရဲလ်မက်ဒရစ်အနေနဲ့ အခုပွဲစဉ်ကိုအနိုင်ရမယ်ဆိုရင် ရမှတ်ပိုမိုဖြတ်တောက်နိုင်မှာဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် ရီးရဲလ်မက်ဒရစ်အသင်းပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ရီးရဲလ်မက်ဒရစ် ၃ - ၁ ဂျီရိုနာ**

## ပြင်သစ်လီဂူး ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

STA

**ပီအက်စ်ဂျီ Vs လိုင်လီ**

ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၄ (နံနက် ၀၂း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လိုင်လီ ၁ - ၁ ပီအက်စ်ဂျီ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |
| လိုင်လီ | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |

လိုင်လီအသင်းဟာ ဥရောပဝင်ခွင့်တစ်နေရာအတွက်မျှော်လင့်ချက် ရှိနေသေးတယ်ဆိုပေမဲ့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းကမတည်ငြိမ်ပါဘူး။ လက်ရှိ ပီအက်စ်ဂျီအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအပြည့်ရှိနေလို့ လိုင်လီအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ ပီအက်စ်ဂျီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ပီအက်စ်ဂျီ ၂ - ၀ လိုင်လီ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

STA

**ဖရန့်ဖတ် Vs ဘိုချမ်**

ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၄ (ည ၀၉း၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘိုချမ် ၁ - ၁ ဖရန့်ဖတ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဘိုချမ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဖရန့်ဖတ်အသင်းဟာ ဘိုချမ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ဘိုချမ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရလို့ ဖရန့်ဖတ်အသင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဖရန့်ဖတ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဖရန့်ဖတ် ၂ - ၁ ဘိုချမ်**

**လေဗာကူဆင် Vs ဘိုင်ယန်မြူးနစ်**

ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၄ (ည ၁၂း၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘိုင်ယန်မြူးနစ် ၂ - ၂ လေဗာကူဆင်


နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဘိုင်ယန်မြူးနစ် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

လေဗာကူဆင်အသင်းဟာ အဓိကကစားသမားအချို့ကို လက်လွှတ်ထားရလို့ နောက်ပိုင်းပွဲစဉ်တွေမှာ ရှုန်းကန်နေရပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းကတော့ ယခုနှစ်အတွင်း တည်ငြိမ်တဲ့ခြေစွမ်းပြသထားပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုမှာ အသာစီးရရှိထားတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၂ - ၃ ဘိုင်ယန်မြူးနစ်**

# အခက်အခဲများဖြင့်ရင်ဆိုင်နေရသော ဗြိတိန်၊ ဂျပန်၊ အီတလီတို့၏ ပူးတွဲတိုက်လေယာဉ်စီမံကိန်း



အီတလီ၊ ဂျပန်၊ ဗြိတိန်တို့သည် ၂၀၂၅ ခုနှစ်တွင် ဆဋ္ဌမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ် သုတေသနပြုတည်ဆောက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း (GCAP)စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ကြားဖြတ်ကာကွယ်ရေးအစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါ စီမံကိန်းလုပ်ငန်း စတင်လည်ပတ်မည့် ဌာနချုပ်သည် ဗြိတိန်၌ ရုံးစိုက်မည်ဖြစ်သော်လည်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် သီးသန့်နေရာကို ထုတ်ပြန်ခြင်းမရှိသေးပေ။ စီမံကိန်း၏ သုတေသနပြုတည်ဆောက်မှုအဆင့်ကို ၂၀၂၅ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး ဆယ်စုနှစ်တစ်ခုကြာ ၂၀၃၅ ခုနှစ်နှောင်းပိုင်းတွင် တိုက်လေယာဉ်များ စတင်လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသားတစ်ဦးသည် အဆိုပါစီမံကိန်း၏ ပထမဆုံးသော အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး အီတလီတာဝန်ရှိသူတစ်ဦးသည် ဗြိတိန်အခြေစိုက် သီးခြားစီးပွားရေးတည်ဆောက်မှုဌာနချုပ်၏ ပထမဆုံးသော ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများကြား ခေါင်းဆောင်တာဝန်ကို အလှည့်ကျထမ်းဆောင်သွားမည်ဖြစ်သည်။

ဗြိတိန်အခြေစိုက်ဌာနချုပ်များသည် စွမ်းဆောင်ရည်မြင့်မားသော တိုက်လေယာဉ်များ တည်ဆောက်ရောင်းချနိုင်ရေးအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အီတလီ၊ ဂျပန် ကာကွယ်ရေးဝန်ကြီးများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး Grant Shapps က ပြောကြားသွားခဲ့သည်။

GCAP သည် မိတ်ဖက် နိုင်ငံအရေအတွက်ကို အလျင်အမြန် တိုးချဲ့သွားနိုင်ကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံကို GCAP တွင် ပူးပေါင်းပါဝင်လာရန် မျှော်မှန်းထားကြောင်း၊ သို့သော် ဂျပန်နိုင်ငံသည် ဆော်ဒီအာရေဗျပါဝင်လာမှုကို ကန့်ကွက်လျက်ရှိကြောင်း ကြားဖြတ်ကာကွယ်ရေးအစီရင်ခံစာ၌ ဖော်ပြထားသည်။

GCAP သည် အနောက်နိုင်ငံများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆဋ္ဌမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ် အစီအစဉ်များအနက် တစ်ခုပင်ဖြစ်သည်။ ဥရောပက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အနာဂတ်တိုက်လေယာဉ်စနစ် (FCAS) သည် ၂၀၂၅ ခုနှစ်တွင် တိုက်လေယာဉ် ဒီဇိုင်း ရွေးချယ်သွားမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်သည် ၂၀၂၅ ခုနှစ်တွင် ၎င်း၏ မျိုးဆက်သစ်ဝေဟင် လွှမ်းမိုးမှု (NGAD)တိုက်လေယာဉ်အတွက် ဒီဇိုင်းရွေးချယ်သွားရန်စီစဉ်ထားရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် တာဝန်ပေးအပ်သွားမည်ဖြစ်သည်။ GCAP ကို နိုင်ငံခေါင်းဆောင်အသီးသီး၏ မဟာဗျူဟာမြောက်ရည်မှန်းချက်အသီးသီးဖြင့် ကျောထောက်နောက်ခံပြုထားသည်။

GCAP သည် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားကာကွယ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန်၊ NATO အတွက် ဥရောပတွင် ဒေသလုံခြုံရေးတောင့်တင်းခိုင်မာစေရန်၊ ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိနိုင်ရန်အပြင် ဥရောပနှင့်ပစိဖိတ်ကာကွယ်ရေး ဈေးကွက်များအတွက် မျိုးဆက်သစ်တိုက်လေယာဉ်များတင်ပို့နိုင်ရန် ရည်ရွယ်ထားရှိသည်။ GCAP တိုက်လေယာဉ်သည် ကိုယ်ပျောက်စွမ်းရည်၊ လက်နက်တပ်ဆင်ပစ်ခတ်မှုနှင့် ကိုင်တွယ်မောင်းနှင်မှုတို့အတွက် အဆင့်မြင့်နည်းပညာများပါရှိမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံအတွက်မူ GCAP အစီအစဉ်သည် အခြားနိုင်ငံများကို မှီခိုအားထားရခြင်းမရှိဘဲ ၎င်း၏ အမျိုးသားတိုက်ခိုက်ရေးကဏ္ဍ အဆင့်မြှင့်တင်ခြင်းမှသည် အကျိုးစီးပွားများကာကွယ်ခြင်းအားဖြင့် မဟာဗျူဟာမြောက် လုပ်ပိုင်ခွင့်တိုးမြှင့်သွားနိုင်မည့်အပြင် အမှီအခိုကင်းမဲ့သော စစ်ရေးအင်အားကြီးနိုင်ငံအဖြစ် ၎င်း၏ပုံရိပ်နှင့် ယုံကြည်အားထားရမှုတို့ကို အခိုင်အမာ ပြန်လည်ပြသနိုင်စေမည်ဖြစ်သည်။

ဗြိတိန်၏သက်တမ်းရင့် Eurofighter Typhoon လေယာဉ်အုပ်များ အဆင့်မြှင့်တင်ရေးအတွက် ငွေကြေးကုန်ကျမှုများပြားခြင်းနှင့် လေကြောင်းစိုးမိုးမှုများအတွက် F-35 တိုက်လေယာဉ်များ၏ လိုက်လျောညီထွေမရှိခြင်းသည် ဗြိတိန်ကို GCAP မျိုးဆက်သစ်တိုက်လေယာဉ်အစီအစဉ်တွင် ပါဝင်ရန်လည်း တွန်းအားဖြစ်စေခဲ့သည်။

ဂျပန်နိုင်ငံသည် ၎င်း၏ မစ်ဆူဘီရှီ F-X တိုက်လေယာဉ်စီမံကိန်းအတွက် ဂျပန် ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုကို မူလကအလေးထားဆောင်ရွက်ခဲ့သော်လည်း အမေရိကန်အနေဖြင့် နည်းပညာလွှဲပြောင်းမှုများမှတစ်ဆင့် ဂျပန်ဦးဆောင်သောဖွံ့ဖြိုးတိုးတက်မှုကိုထောက်ပံ့သွားရန် ဆန္ဒမရှိသဖြင့် ဂျပန်နိုင်ငံသည် ၎င်း၏မျိုးဆက်သစ်တိုက်လေယာဉ်အတွက် အဓိကမိတ်ဖက်အဖြစ် ဗြိတိန်နိုင်ငံကိုရွေးချယ်ခဲ့ခြင်းဖြစ်သည်။

GCAP ၏ အောင်မြင်မှုသည် လေယာဉ်ထုတ်လုပ်မှုအရေအတွက်တိုးချဲ့ခြင်း၊ ဥရောပနှင့် အာရှ-ပစိဖိတ် ပြည်ပပို့ကုန်များမှတစ်ဆင့် စီးပွားရေးတိုးတက်အောင်မြင်မှုရရှိအောင် ဆောင်ရွက်ခြင်းနှင့် ပြင်သစ်-စပိန်-ဂျာမနီ အနာဂတ်တိုက်လေယာဉ်စနစ် (FCAS) နှင့် တောင်ကိုရီးယား၏ KF-21 တိုက်လေယာဉ်အစီအစဉ်များ ယှဉ်ပြိုင်နိုင်မှုတို့အပေါ်တွင် တည်မှီလျက်ရှိသည်။

အီတလီနိုင်ငံအတွက်မူ ၎င်း၏အမွေ Eurofighter တိုက်လေယာဉ်များနေရာတွင် အစားထိုးရန်နှင့် တိုက်ပွဲဝင်စစ်ဆင်ရေးကာလများအတွင်း နယ်ပယ်အားလုံးတွင် အောင်မြင်မှုရရှိစေနိုင်မည့် မျိုးဆက်သစ် တိုက်လေယာဉ်လိုအပ်ချက်အတွက်ပင်ဖြစ်သည်။ ဆိုရလျှင် မဟာအင်အားကြီးနိုင်ငံများယှဉ်ပြိုင်လျက်ရှိသော မဟာဗျူဟာမြောက် ပတ်ဝန်းကျင်တွင် လေကြောင်းစွမ်းရည်များ လိုအပ်ကြောင်းကို လက်ရှိဖြစ်ပွားလျက်ရှိသော ယူကရိန်းပဋိပက္ခက သက်သေပြသလျက်ရှိသည်။

GCAP စီမံကိန်းတွင် ဆော်ဒီအာရေဗျ၏ အကျိုးစီးပွားအနေဖြင့်မူ လွန်ခဲ့သော ၆နှစ်ကတည်းက Eurofighter Typhoon မှာယူမှုအတွက် လက်မှတ်ရေးထိုးခဲ့သော်လည်း မမျှော်လင့်ဘဲ နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ရပြီး ဗြိတိန်၏ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ဆော်ဒီအာရေဗျသို့ လက်နက်ရောင်းချရမှုများရပ်ဆိုင်းခဲ့သဖြင့် ရေနံကြွယ်ဝသောနိုင်ငံကို GCAP အစီအစဉ်တွင်ပါဝင်ရန် တွန်းအားဖြစ်စေခဲ့သည်။

GCAP ဝင်ရောက်ခွင့်ရရှိမည်ဆိုလျှင် ဆော်ဒီအာရေဗျအနေဖြင့် နောက်ဆုံးပေါ် တိုက်လေယာဉ်များအပါအဝင် အမေရိကန်ထံမှလက်နက်များဝယ်ယူမှုလျှော့ချသွားနိုင်မည်ဖြစ်သည်။ အကြောင်းမူကား ဆော်ဒီအာရေဗျအနေဖြင့် အမေရိကန်ထံမှလက်နက်များဝယ်ယူရာတွင် သာမန်ထက်ဈေးနှုန်း ပိုမိုပေးချေနေရကြောင်း ပြစ်တင်ဝေဖန်ခံရလျက်ရှိသည်။ အမှန်တော့ အရှေ့အလယ်ပိုင်းနိုင်ငံသည် တိုင်းပြည်၏ အမှန်တကယ် လုံခြုံရေးလိုအပ်ချက်ကိုထည့်မတွက်ဘဲ အမေရိကန်ထံမှ ဈေးနှုန်းကြီးမားသောလက်နက်စနစ်များကို ဝယ်ယူရလျက်ရှိသည်။

ဂျပန်နိုင်ငံသည် GCAP စီမံကိန်းတွင် ဆော်ဒီအာရေဗျ၏ ပါဝင်ဆောင်ရွက်မှုကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ GCAP စီမံကိန်းတွင် ဆော်ဒီအာရေဗျပါဝင်ခြင်းသည် ပိုမိုရှုပ်ထွေးလာစေနိုင်ကြောင်း၊ လေယာဉ်ဝယ်ယူခွင့်ရရှိထားသည့် နိုင်ငံများအနေဖြင့် အခြားတစ်နိုင်ငံကို စီမံကိန်း၌ခေါ်ဆောင်လာခြင်းသည် GCAP ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ပိုမိုနှောင့်နှေးကြန့်ကြာလာစေမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

ဆော်ဒီအာရေဗျအနေဖြင့် ဘဏ္ဍာငွေအတော်အတန် ထည့်ဝင်သွားမည်ဖြစ်ကြောင်း ကတိပြုထားသော်လည်း ဂျပန်နိုင်ငံကမူ စီမံကိန်းအတွက် ဆော်ဒီအာရေဗျနိုင်ငံ၏ နည်းပညာပါဝင်နိုင်မှုအပေါ် သံသယကြီးထွားလျက်ရှိသည်။ မည်သို့ပင်ဆိုစေ GCAP စီမံကိန်းတွင် ဆော်ဒီအာရေဗျပါဝင်ခြင်းသည် ဂျပန်နိုင်ငံနှင့်ဆက်ဆံရေး ပိုမိုတောင့်တင်းခိုင်မာလာစေနိုင်ပေသည်။ လက်ရှိအချိန်တွင် ဆော်ဒီအာရေဗျသည် ဂျပန်ကို စွမ်းအင်အများဆုံးထောက်ပံ့ပေးလျက်ရှိသည်။ ထို့ပြင် ဆော်ဒီအာရေဗျ၏ပါဝင်မှုသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများတွင် ဂျပန်၏လွှမ်းမိုးမှုကို အထောက်အကူဖြစ်စေမည့်အပြင် ဘုရင့်နိုင်ငံသို့ ခေတ်မီစစ်လက်နက်ပစ္စည်းများ ရောင်းချခြင်းကြောင့် အကျိုးဖြစ်ထွန်းနေသည့် တရုတ်နှင့်ရုရှားနိုင်ငံတို့ကိုလည်း တန်ပြန်ဟန့်ချက်ထိန်းညှိစေနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ GCAP စီမံကိန်းသည် လုပ်ငန်းစတင်လည်ပတ်ရန် အခက်အခဲများဖြင့် ကြုံတွေ့ရလျက်ရှိသည်။ စီမံကိန်းတွင်ပါဝင်သော နိုင်ငံများအနေဖြင့် လက်ရှိအချိန်ထိ ရန်ပုံငွေကိုသတ်မှတ်ပမာဏထိ မထည့်ဝင်နိုင်သေးသဖြင့် မျိုးဆက်သစ်တိုက်လေယာဉ်အစီအစဉ်စတင်ရန် နှောင့်နှေးကြန့်ကြာလျက်ရှိသည်။

GCAP စီမံကိန်းသည် ဗြိတိန်အတွက် အမေရိကန်ထုတ် F-35 တိုက်လေယာဉ်ကိုယှဉ်နိုင်ရန်၊ ဂျပန်၊ အီတလီတို့၏ စစ်ဆင်ရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ကမ္ဘာလုံးဆိုင်ရာဈေးကွက်သို့ တင်ပို့နိုင်ရန် တည်ဆောက်ထုတ်လုပ်သွားနိုင်မည် မဟုတ်ချေ။

၂၀၂၂ ခုနှစ်တွင် အမေရိကန်သည် ဗြိတိန်၊ ဂျပန်၊ အီတလီတို့အပါအဝင် နိုင်ငံတကာမိတ်ဖက်များနှင့်အတူ F-35 တိုက်လေယာဉ် သုတေသနပြုတိုးတက်တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၄၁၂ ဘီလီယံ သုံးစွဲခဲ့သည်။ ဗြိတိန်၊ ဂျပန်၊ အီတလီတို့သည် GCAP တွင် ဘဏ္ဍာငွေထည့်ဝင်ရန် ကတိပြုထားသည်ထက်ပင် F-35 ဖွံ့ဖြိုးမှုအတွက် ငွေကြေးပိုမိုရင်းနှီးမြှုပ်နှံခဲ့ကြသည်။ အမှန်တော့ လော့ခ်ဟိဒ်မာတင်နှင့် အခြားသော အမေရိကန်လေယာဉ်ထုတ်လုပ်သူများသည် အဆင့်မြင့်လေယာဉ်တည်ဆောက်သည့် အတွေ့အကြုံများ ပိုင်ဆိုင်ထားရှိသည်။ ထို့ကြောင့် GCAP စီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မျိုးဆက်သစ်တိုက်လေယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းသွားရန်လိုအပ်ပေသည်။

**❖ GCAP စီမံကိန်းသည် လုပ်ငန်းစတင်လည်ပတ်ရန် အခက်အခဲများဖြင့် ကြုံတွေ့ရလျက်ရှိသည်။ စီမံကိန်းတွင်ပါဝင်သောနိုင်ငံများအနေဖြင့် လက်ရှိအချိန်ထိ ရန်ပုံငွေကိုသတ်မှတ်ပမာဏထိ မထည့်ဝင်နိုင်သေးသဖြင့် မျိုးဆက်သစ်တိုက်လေယာဉ်အစီအစဉ်စတင်ရန် နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ GCAP စီမံကိန်းသည် ဗြိတိန်အတွက် အမေရိကန်ထုတ် F-35 တိုက်လေယာဉ်ကိုယှဉ်နိုင်ရန်၊ ဂျပန်၊ အီတလီ တို့၏ စစ်ဆင်ရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ကမ္ဘာလုံးဆိုင်ရာဈေးကွက်သို့တင်ပို့နိုင်ရန် တည်ဆောက်ထုတ်လုပ်သွားနိုင်မည် မဟုတ်ချေ။ ❖**

**ကိုးကား**

- **UK, Japan, Italy joint fighter program faces turbulence By Asia Times.**

**မောင်စိန်အိ (နဘဲမြေ)**

# မာလာမြိုင်သဘင်ပွဲတော်တွင် ရုပ်ရှင်ထဲကသဘင်အစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၈**

မာလာမြိုင်သဘင်ပွဲတော်တွင် ရုပ်ရှင်ထဲက သဘင်အစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါ အစီအစဉ်၏ ဇာတ်လမ်း၊ဇာတ်ညွှန်းနှင့် ဒါရိုက်တာ သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ပြောပြ၍ သိရသည်။

M Entertainment Channel မှ ထုတ်လွှင့်နေသည့် မာလာမြိုင်သဘင်ပွဲတော်ကို The Tree Entertainment မှ ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်နှင့် ဖေဖော်ဝါရီ ၁၁ ရက်တို့တွင် ရုပ်ရှင်ထဲကသဘင်အစီအစဉ်ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတစ်ပတ် မာလာမြိုင်သဘင်ပွဲတော်မှာ ရှုမြင်ကြရမှာကတော့ ရုပ်ရှင်ထဲက သဘင်ဆိုတဲ့အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်ကတော့ သဘင်သည်တွေအကြောင်း ရိုက်ကူးထားတဲ့ ရုပ်ရှင်တွေထဲကထင်ရှားခဲ့တဲ့ဇာတ်ဝင်တေးတွေကို ပြန်လည်ဆန်းသစ် သီဆိုဖျော်ဖြေတင်ဆက်မှာဖြစ်ပါတယ်။ ဉပမာ-အောင်မြင်ထင်ရှားတဲ့ ဇာတ်သဘင်နောက်ခံရုပ်ရှင်ဇာတ်လမ်းဖြစ်တဲ့ ပန်းပန်လျက်ပါ၊ သဘင်သည်မဝင်ရ၊ မှုန်ရွှေရည် ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ဝင်သီချင်းတွေကို ထုတ်နုတ်ကပြမှာဖြစ်ပါတယ်။ ပင်တိုင်မင်းသားကြီးတွေဖြစ်တဲ့ ဘွန်း၊ ဆန်းမင်းအောင်တို့နဲ့ တွဲဖက်တင်ဆက်မှာဖြစ်ပါတယ်။ လူရွှင်တော်တွေကတော့ နေကျော်၊ တိုးတက်၊ ချက်ပေါက်၊ ဖွေးဖွေး၊ တူးနိုင်း၊ လကျော်တို့ဖြစ်ပါတယ်။ စောင့်မျှော်အားပေးကြပါအုံး"ဟု ပတ္တမြားကေခိုင်က ပြောပြသည်။

မာလာမြိုင်သဘင်ပွဲတော်ကို သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး မာလာမြိုင်သဘင်အဖွဲ့သားများက ပါဝင်အားဖြည့်ပံ့ပိုးပေးထားကြောင်း သိရသည်။

ASH

# ကီဗင်ကော့စနာပါဝင်မည့် ဇာတ်ကားသစ်ကို ဒါရိုက်တာ အာရီရယ်ဗရိုမင် ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၈**

ကမ္ဘာကျော်မင်းသားကြီး ကီဗင်ကော့စနာ ပါဝင်သရုပ်ဆောင်မည့် ရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ အာရီရယ်ဗရိုမင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက် သတင်းများအရ သိရသည်။

မင်းသား ကီဗင်ကော့စနာသည် အဆိုပါရုပ်ရှင်ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားရိုက်ကူးရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်တွင် စတင်ဖွယ်ရှိသည်။

ဒါရိုက်တာ အာရီရယ်ဗရိုမင်နှင့် မင်းသား ကီဗင်ကော့စနာတို့သည် Criminal (2016) ဇာတ်ကားအတွက် လက်တွဲဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

လက်ရှိအချိန်တွင် ကီဗင်ကော့စနာ၏ ဇာတ်ကားသစ်ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# အလင်းမဲ့မီးအိမ် ဇာတ်ကားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

အလင်းမဲ့မီးအိမ် ဇာတ်ကားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခေးဆက်သွင်က ပြောပြ၍ သိရသည်။

အလင်းမဲ့မီးအိမ် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ထူးထက်ထက်အောင်က ရေးသားထားပြီး ဇာတ်ညွှန်းကို နေသူရိန်က ရေးသားထားကာ ဒါရိုက်တာ နေသူရိန်ကပင် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက တစ်ပိုင်းတည်းအပြီးပါ။ အချစ်၊ ဒရာမာ တွေရဲ့ ဇာတ်သိမ်းမလှတဲ့ဘဝ ဇာတ်လမ်းလေးပါ။ ဒုစရိုက်သမား အကြောင်းကို ပုံဖော်ရိုက်ကူးထားတာပါ"ဟု သရုပ်ဆောင် ခေးဆက်သွင်က ပြောပြသည်။




အလင်းမဲ့မီးအိမ် ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ ဟိန်းဇေ၊ မင်းအာကာ၊ ခေးဆက်သွင်၊ ဖြူသဲဦး၊ စောယုနန္ဒာတို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြပြီး အခြားအနုပညာရှင်များလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်ကားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ နံနက် ၁၀ နာရီနှင့် ည ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# 28 Days Later ဇာတ်ကားသစ်၌ စီလီယန်မာဖီ ဆက်လက်ပါဝင်ရန်စိတ်ဝင်စားနေ

**နယူးယောက် ဖေဖော်ဝါရီ ၈**

28 Days Later နောက်ဆက်တွဲဇာတ်ကားသစ်၌ မင်းသား စီလီယန်မာဖီ ဆက်လက်ပါဝင်သရုပ်ဆောင်ရန် စိတ်ဝင်စားနေကြောင်း ဖေဖော် ဝါရီ ၇ ရက် သတင်းများအရ သိရသည်။

28 Days Later ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခဲ့ပြီးနောက် ၎င်းဇာတ်ကားသစ်၌ ဆက်လက်ပါဝင်ရန် မင်းသား စီလီယန်မာဖီက စိတ်ဝင်စားနေခြင်းဖြစ်ပြီး မင်းသား စီလီယန်မာဖီသည် 28 Days Later (2002) ဇာတ်ကားတွင် အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

28 Days Later ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားသစ်ကို 28 Days Later ဟူ၍ ဆိုနီရုပ်ရှင်ကုမ္ပဏီက အမည်ပေးထားသည်။

28 Days Later နောက်ဆက်တွဲဇာတ်ကားကို ဒါရိုက်တာ ဒန်နီဘွိုင်း ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# တေးသံဝေစည် ရာမညဌာနီ တေးဂီတဖျော်ဖြေပွဲကို MRTV-HD ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဖေဖော်ဝါရီ ၈**

(၇၇) နှစ်မြောက်ပြည်ထောင်စုနေ့ ဂီတဖျော်ဖြေမှုအစီအစဉ်အဖြစ် မွန်တိုင်းရင်းသူ၊ တိုင်းရင်းသားများ သီဆိုဖျော်ဖြေထားသည့် တေးသံဝေစည် ရာမညဌာနီ တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၉ ရက်တွင် MRTV-HD ရုပ်သံလိုင်းမှထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါတေးဂီတဖျော်ဖြေပွဲတွင်ပါဝင်သူ အဆိုတော် မိမွန်မြတ်သူက ပြောပြ၍ သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် မြန်မာ့အသံတေးဂီအဖွဲ့မှ တီးခတ်ပေးသွားမည်ဖြစ်ပြီး မွန်တိုင်းရင်းသူ၊ တိုင်းရင်းသားများဖြစ်သည့် ဗွဲလေး၊ လဲ့တောက်၊ ရူပါ၊ အိမ်းစော၊ MB နွံ့၊ မိမွန်မြတ်သူ၊ အင်ကြွင်းနိုင်ဦး၊ မြင့်မြတ်ကျော်တို့က သီဆိုမည်ဖြစ်ကြောင်း သိရသည်။

"မွန်တိုင်းရင်းသူ၊ မွန်တိုင်းရင်းသားတွေက မြန်မာသံစဉ်တေးသီချင်းတွေကို သီဆိုဖျော်ဖြေကြမှာဖြစ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ပတ်သက်တဲ့ တေးသီချင်းတွေ ပါဝင်မှာဖြစ်ပါတယ်။ သီချင်းအသစ်တွေလဲ ပါပါ့မယ်"ဟု အဆိုတော် မိမွန်မြတ်သူက ပြောပြ၍ သိရသည်။

ASH



# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla pay respects to remains of Patron Sayadaw of Nagahnakaung Monastery, Tachilek



Senior General Min Aung Hlaing supplicates religious maters.

**Nay Pyi Taw February 8**

Patron Sayadaw of Nagahnakaung Monastery, Tachilek, Shan State (East), State Ovadacariya Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotika Dr Bhaddanta Dhammasiri passed away at 0002 honours on 8 February (Thursday) 2024.

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by Lt-Gen Ye Win Oo from Office of Commander-in-Chief and wife, senior military officers from Office of Commander-in-Chief and wives, the Triangle Region Command commander and officials, paid respects to the remains of the Sayadaw, placed at the monastery, this afternoon.

First, the Senior General and wife and party paid respects to the Sayadaw's remains and then, to the member Sayadaws of the panel of patrons of funeral rites committee led by Patron of Thiladhamma Kontha Tawya Monastery (Wazipeik) Sayadaw Bhaddana Kovida and supplicated on the holding of the funeral rites. The Senior General told officials that as the Sayadaw was included in the one of the leading eminent monks of the nation. So, plans should be made to hold the funeral rites on a grandest-scale, make transport, accommodations and food arrangements for the convenience of visitor monks, nuns and the public from far and near, and ensure adequate water supply. He also looked into other requirements.

Afterwards, the Senior General, wife and party received the Five Precepts from Wazipeik Sayadaw, and the Sayadaws recited parittas.

The Senior General and wife then presented donations for the funeral rites to Wazipeik Sayadaw.


Sayadaw Maha Dhamma Kahtika Bahujana Hitadhaja Bhaddanta Nyanasiri of Maha Bodi Kamahtan Monastery delivered a sermon, and the Senior General, wife and party shared the merits gained.



Senior General Min Aung Hlaing looks into the requirements of the funeral rites.

Afterwards, the Senior General, wife and party paid respects to the Sayadaw's remains.


The would-be Patron Sayadaw of Nagahnakaung Monastery was born of parents, U Haung and Daw Nang Pin, on 9 waning day (Wednesday) of Nattaw, 1290 ME, at Yangkein village, Kengtung, Shan State (East). He became a novice monk under the patronage of Kyaingyin Monastery Sayadaw Bhaddanta Dhammayansi of Kengtung on the fullmoon day of Taboung 1299ME, and entered monkhood on 13 waxing day of Kason, 1300ME. When the novice monk reached the age of ten, he learned basic education. He learned Pariyattai from Kyaingyin Monastery Sayadaw till he passed the mula dhammacari in Gon Shan language in 1320ME. The Sayadaw founded the Nagahnakaung Pariyatti School in 1357ME and later established four branches of pariyatti schools. The schools are running primary level, junior level, middle level and senior level religious classes for Shan monks and novices in Gon Shan language in accord with the government curriculum and had held examinations for 50 times. The Sayadaw started the publication of the Three Pitaka in Pali and religious books in Gon Shan language in 1355ME, and recorded the Three Pitaka on 2500 stone tablets and erected them on the platform of Shadagon Pagoda in Tachilek. Moreover, the Sayadaw donated land for basic education schools in Tachilek, established a home for the aged and an orphanage and provided necessary support, donated land for the district hospital and healthcare buildings. In this way, he took part in religious and welfare undertakings with might and main. Because of those ardent life-long undertakings, the State conferred on him Agga Maha Pandita title in 1992, Abhidhaja Agga Maha Saddhamma Jotikadhaja in 2001, Abhidhaja Agga Maha Saddhamma Jotika in 2005, and Abhidhaja Maha Rattha Guru in 2021. Titles were also conferred on the Sayadaw by neighbouring Thailand. The Sayadaw passed away at age 96, vasa 77. 100



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, pay respects to the remains of Patron Sayadaw of Nagahnakaung Monastery, Tachilek.

# As necessary security operations continued in Zayatgyi town, the security forces seized more guns/ ammunition, and accessories

# The terrorist insurgents are carrying weapons/ ammunition using charity vans


KNLA group and PDF terrorists blew up Myohso bridge on Kywepwe-Zayatgyi public road to delay the arrival of Tatmadaw columns.


KNLA group and PDF terrorists blew up Myohso bridge on Kywepwe-Zayatgyi public road to delay the arrival of Tatmadaw columns.

**Nay Pyi Taw February 8**

As reported earlier, the Tatmadaw successfully fought back with air support and heavy weapons when the so-called KNLA and PDF terrorists attacked the local battalion in Zayatgyi town, Htantabin Township, Bago Region with a large force on February 7.

The security forces carried out a detailed clearance operation in Zayatgyi town at around 6:00 this morning. At 4:30 am on February 7, the terrorist insurgents mined and destroyed the Sittoung River Bridge (1,200 feet long), also known as Myohso Bridge, on the road leading to Kywepwe-Zayatgyi. The bridge, which is a reinforced concrete type bridge used by the public, was targeted to prevent Tatmadaw reinforcements from arriving at Zayatgyi in time. They then invaded and attacked the local battalion in the town at dawn.

This morning, security forces cleared the eastern side of Zayatgyi town. After the attack on the battalion headquarters in the town, they found a vehicle owned by the Light Messenger Charity Association crashed and damaged on the side of the road. On the vehicle were the bodies of some insurgents and some packaged arms, ammunition, and accessories. The KNLA and PDF nominal terrorists were carrying guns and ammunition to conduct terrorist activities and transporting the injured people under the guise of charity work.

At the same time, detailed security operations were carried out in the villages to the west of Zayatgyi, where the insurgents were hiding. The security forces seized the weapons, ammunition and accessories left behind by the insurgents during their chaotic retreat after encountering the Tatmadaw columns. They also found some bodies of the insurgents in a roadside building, but they were not shown as they were not suitable for illustration.

With Tatmadaw reinforcements and air and artillery support, the terrorist insurgents suffered and retreated. On their way to retreat, they burned down homes in the town. Some of the local residents sent photos showing the destruction to their homes.

KNLA and PDF nominal terrorists are transporting people and weapons/ammunition in fake ambulances under the pretext of charity activities in conducting terrorist activities. The local residents, if they know about the destructive activities of terrorists in their towns/ villages for the sake of national peace and rule of law, can secretly report to the relevant authorities. The security forces are continuing to carry out detailed security operations necessary for peace and stability in Zayatgyi town.

100



Photo shows a seized car used by KNLA group and PDF terrorists to carry arms and ammunition under the guise of a welfare vehicle.


Photo shows a seized car used by KNLA group and PDF terrorists to carry arms and ammunition under the guise of a welfare vehicle.


Photo shows guns and ammunition seized at the place where members of KNLA and PDF terrorists were hiding.



Photo provided by angry residents as their homes were torched by the retreating members of KNLA and PDF terrorists.


Photo shows guns and ammunition seized at the place where members of KNLA and PDF terrorists were hiding.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## A330 နှင့် A400M လေယာဉ်များဝယ်ယူရန် ဆော်ဒီအာရေဗျနှင့် အဲဘတ်စ်ကုမ္ပဏီတို့ ဆွေးနွေးနေ



ဆော်ဒီအာရေဗျနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံရှိ အဲဘတ်စ်ကုမ္ပဏီတို့သည် ဆော်ဒီအာရေဗျလေတပ်သို့ A330 ဝေဟင်ဆီဖြည့်လေယာဉ်နှင့် A400M သယ်ယူပို့ဆောင်ရေးလေယာဉ်များ ထပ်မံဝယ်ယူဖြည့်တင်းပေးရန် ဆွေးနွေးညှိနှိုင်းနေကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ရေးသားဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ၎င်း၏ဝေဟင်မှ လေယာဉ်ဆီဖြည့်တင်းခြင်းနှင့် တပ်ဖွဲ့ဝင်များ၏ သယ်ယူပို့ဆောင်ရေးစစ်ဆင်ရေးများကို ၂၀၁၅ ခုနှစ်က ဝယ်ယူရရှိထားသော A330 ဝေဟင်ဆီဖြည့်လေယာဉ်ခြောက်စင်းဖြင့် အပြည့်အဝအသုံးပြု ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

လေယာဉ်များထပ်မံဝယ်ယူရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို အဲဘတ်စ်ကုမ္ပဏီ၏ ၄၉ ရာခိုင်နှုန်း ရှယ်ယာပိုင်ဆိုင်ထားသော ဆော်ဒီအာရေဗျ စစ်ဘက်-စက်မှုဆိုင်ရာ ဖက်စပ်လုပ်ငန်းကုမ္ပဏီတစ်ခုနှင့် ပြုလုပ်နေခြင်းလည်းဖြစ်ကြောင်း The Business Times သတင်းဌာန၏ အစီရင်ခံစာအရ သိရသည်။

A330 ဝေဟင်ဆီဖြည့်လေယာဉ်အပြင် A400M သယ်ယူပို့ဆောင်ရေးလေယာဉ်ကိုပါ ထပ်မံဝယ်ယူဖြည့်တင်းရန် ဆော်ဒီအာရေဗျနိုင်ငံက စဉ်းစားနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဆော်ဒီအာရေဗျနိုင်ငံ အနေနဲ့ A400M ကို စိတ်ဝင်စားမှုရှိတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ ဒါကြောင့်လဲ ဝယ်ယူရေးအတွက် ဆော်ဒီအာရေဗျလေတပ်နဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့ တွေ့ဆုံဆွေးနွေးသွားမှာပါ"ဟု အဲဘတ်စ်ကုမ္ပဏီမှတာဝန်ရှိသူ Jean-Brice Dumond က ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့တွင် ကျင်းပခဲ့သော World Defence Show ကမ္ဘာ့ကာကွယ်ရေးပြပွဲတွင် ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် နိုင်ငံလေတပ်၏လေကြောင်းစွမ်းအားကို အဆင့်မြှင့်တင်ရန် ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံအစိုးရသည် Rafale တိုက်လေယာဉ် ၅၄ စင်းရောင်းချရန် ဆော်ဒီအာရေဗျနိုင်ငံနှင့်ညှိနှိုင်းနေကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်၊ အီတလီ၊ ဂျပန်နိုင်ငံတို့နှင့်အတူ မျိုးဆက်သစ် တိုက်လေယာဉ်အစီအစဉ်တွင် ပါဝင်ရန်လည်း စိတ်ဝင်စားကြောင်း ဆော်ဒီအာရေဗျနိုင်ငံဘက်မှ ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံအနေဖြင့်မျိုးဆက်သစ်တိုက်လေယာဉ်စီမံကိန်း၏ အဆင့်အမျိုးမျိုးတွင် အထောက်အကူဖြစ်စေမည့် ပြည်တွင်းအင်ဂျင်နီယာပညာရှင်များ၏ ကျွမ်းကျင်မှုအပြင် အရေးပါသောဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်း ပူးပေါင်းပံ့ပိုးပေးသွားမည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။

**Saudi in Talks With Airbus for A330 Tanker, A400M Transport Aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်သို့ ကန်ဒေါ်လာသန်း ၁၅၀ တန် AGM-114R2 Hellfire ဒုံးကျည်များရောင်းချမှုကို အမေရိကန်အတည်ပြုခဲ့

နယ်သာလန်သို့ အမေရိကန်ဒေါ်လာသန်း ၁၅၀ တန် AGM-114R2 Hellfire ဒုံးကျည်များရောင်းချမှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုလိုက်ပြီဖြစ်ကြောင်း www.army-technology.com သတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယ်သာလန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန်၊ NATO အဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ဒေသတွင်းတည်ငြိမ်ရေးကို အားကောင်းစေရန် မဟာဗျူဟာမြောက် လှုပ်ရှားမှုတစ်ခုလည်းဖြစ်သည်ဟုထုတ်ပြန်ချက်တွင်ဖော်ပြထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီသည် နယ်သာလန်နိုင်ငံသို့ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာသန်း ၁၅၀ တန်ဖိုးရှိ AGM-114R2 Hellfire ဝေဟင်မှမြေပြင်ပစ်ဒုံးကျည် ၃၈၆ စင်းနှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချရန် အတည်ပြုလိုက်ခြင်းဖြစ်သည်။ ထိုလုပ်ရပ်ကို NATO အဖွဲ့ဝင် မဟာမိတ်နိုင်ငံများအပေါ် ပံ့ပိုးကူညီသွားနိုင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Lockheed Martin ကုမ္ပဏီသည် အဓိက ကန်ထရိုက်တာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆိုပါဒုံးကျည်များကို AH-64A Apache တိုက်ခိုက်ရေးရဟတ်ယာဉ်တွင် တပ်ဆင်အသုံးပြုနိုင်သကဲ့သို့ AH-64E Version 6 Apache Guardian တိုက်ခိုက်ရေးရဟတ်ယာဉ်တွင်လည်း တပ်ဆင်အသုံးပြုနိုင်သည်။ AH-64E Version 6 Apache Guardian တိုက်ခိုက်ရေးရဟတ်ယာဉ် နှစ်စင်းသည် နယ်သာလန်နိုင်ငံလေတပ်သို့ လာမည့် ၂၀၂၅ ခုနှစ်တွင် အပြီးသတ်လွှဲပြောင်းပေးပို့ရန် စီစဉ်ထားသည့် တိုက်ခိုက်ရေးရဟတ်ယာဉ် အစင်း ၂၀ ထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

အဆိုပါရောင်းချမှုတွင် အမေရိကန် (ကြည်းတပ်) လေကြောင်းနှင့်ဒုံးကျည်ကွပ်ကဲမှုဌာနချုပ် လုံခြုံရေးအကူအညီ စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးရုံးနှင့် နည်းဗျူဟာမြောက် လေကြောင်းနှင့်ကြည်းတပ်ခဲယမ်းများဆိုင်ရာ စီမံခန့်ခွဲရေးရုံးတို့က နည်းပညာအကူအညီများ ပေးအပ်ခြင်းလည်း ပါဝင်သည်။ နောက်ဆက်တွဲအစိတ်အပိုင်းများတွင် ဆက်စပ်ပစ္စည်းများ၊ ပေါင်းစပ်ပံ့ပိုးမှု၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးနှင့် ပရိုဂရမ်ဆိုင်ရာပံ့ပိုးမှုတို့ ပါဝင်ကြောင်း သိရသည်။



ပြီးခဲ့သည့် လေးနှစ်အတွင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဗြိတိန်နိုင်ငံသို့ AGM-114R2 Hellfire ဒုံးကျည် ၃၉၅ စင်းကို အမေရိကန်ဒေါ်လာ ၄၆ သန်းဖြင့် ရောင်းချရန် အတည်ပြုခဲ့သည်။ အလားတူပင် တောင်ကိုရီးယားနိုင်ငံကလည်း AH-64E တိုက်ခိုက်ရေးရဟတ်ယာဉ်များအတွက် ဒုံးကျည်စွမ်းရည်ကို မြှင့်တင်ပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိ AGM-114R Hellfire ဒုံးကျည် ၂၈၈ စင်းကို ရောင်းချရန် အမေရိကန်ထံ တောင်းဆိုခဲ့ဖူးသည်။

ထို့ပြင် အမေရိကန်နိုင်ငံက AGM-114R2 Hellfire ဒုံးကျည်များကို ဩစတြေးလျနိုင်ငံသို့ ရောင်းချပေးရန်လည်း အတည်ပြုပေးခဲ့သည်။ ပိုလန်နိုင်ငံသည် AGM-114R2 Hellfire ဒုံးကျည်အစင်း ၈၀၀ ကို အမေရိကန်ဒေါ်လာသန်း ၁၅၀ ဖြင့် ဝယ်ယူသွားရန် အလားအလာရှိနေသည်။ ပြင်သစ်နိုင်ငံသည် AGM-114R2 Hellfire ဒုံးကျည် ၁၅၁၅ စင်းကို အမေရိကန်ဒေါ်လာ ၂၀၃ သန်းဖြင့် ဝယ်ယူခဲ့သည်။

ရောင်းချမှုကိုအကောင်အထည်ဖော်ရာတွင် ပရိုဂရမ်ဆိုင်ရာစီမံခန့်ခွဲမှုပြန်လည်သုံးသပ်ခြင်းအတွက် နယ်သာလန်နိုင်ငံသို့ သွားရောက်ရန် အမေရိကန်အစိုးရသို့မဟုတ် ကုမ္ပဏီကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း သိရသည်။

**US approves $150m Hellfire Missile sale to Netherlands ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လာနီညာရာသီဥတုကြောင့် အာရှတိုက်နှင့် အမေရိကတိုက်တွင် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုဖြင့် ရင်ဆိုင်ရမည်



**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်ကတည်းက ရင်ဆိုင်လာခဲ့ရသည့် အယ်လ်နီညို ရာသီဥတုသည် ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်ကာလ၌ လာနီညာရာသီဥတုအသွင်သို့ ကူးပြောင်းသွားမည်ဖြစ်ရာ လာနီညာရာသီဥတုကြောင့် အာရှတိုက်နှင့် အမေရိကတိုက်တွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ အခြေစိုက် မိုးလေဝသနှင့် စိုက်ပျိုးရေးလေ့လာသုံးသပ်သူများ အဖွဲ့အစည်းဖြစ်သည့် Maxar က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လာနီညာ ရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေသောနိုင်ငံများမှာ ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြောင်း၊ အမေရိကတိုက်တွင် ဆီထွက်သီးနှံနှင့် ကောက်ပဲသီးနှံများ အဓိကစိုက်ပျိုးသည့် နယ်မြေများ၌ လာနီညာရာသီဥတုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အခက်အခဲဖြင့် ရင်ဆိုင်လာရဖွယ်ရှိနေကြောင်း Maxar က ထုတ်ပြန်ခဲ့သည်။

"၂၀၂၄ ခုနှစ်အတွက် Maxar ရဲ့ မိုးလေဝသနဲ့စိုက်ပျိုးရေးဆိုင်ရာ လေ့လာသုံးသပ်ချက်အရ ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်က စတင်ခဲ့တဲ့ အယ်လ်နီညိုရာသီဥတုဟာ ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်မှာ လာနီညာရာသီဥတုအဖြစ် ပြောင်းလဲသွားမှာဖြစ်ပါတယ်။ လာနီညာရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အာရှတိုက်နဲ့ အမေရိကတိုက်မှာ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ အခက်တွေ့လာနိုင်တယ်"ဟု Maxar မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သော ခရစ်ဟိုင်ဒီက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူဦးရေနှစ်သန်းခန့် အကူအညီလိုအပ်နေ

**ကင်ရှာဆာ ဖေဖော်ဝါရီ ၈**

ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံတွင် မကြာသေးမီ လများအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ခံစားခဲ့ရသည့် လူဦးရေ နှစ်သန်းခန့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်နေကြောင်း UNICEF အဖွဲ့၏ ဖေဖော်ဝါရီ ၇ ရက် သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံတွင် ပြီးခဲ့သည့် လများအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်ပေါင်း ၆၀ အတွင်း အကြီးမားဆုံးရေကြီးရေလျှံမှုများဖြင့်ကြုံတွေ့ခဲ့ရပြီး ပြည်နယ် ၂၆ ပြည်နယ်အနက် ၁၈ ပြည်နယ်၌ လူပေါင်းနှစ်သန်းခန့် ထိခိုက်ခံစားခဲ့ရကြောင်း၊ ထိခိုက်သူများ၏ ၆၀ ရာခိုင်နှုန်းခန့်မှာ ကလေးငယ်များဖြစ်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် အိမ်ခြေ ၁၀၀၀၀၀ ခန့်၊ စာသင်ကျောင်း ၁၃၂၅ ကျောင်းနှင့် ကျန်းမာရေးအဆောက်အအုံ ၂၆၇ လုံးခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လယ်ယာမြေများ ရေနစ်မြုပ်ခဲ့ခြင်းကြောင့် စားနပ်ရိက္ခာပြတ်လပ်မည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံး၏သတင်းများအရ သိရသည်။

ရေကြီးရေလျှံသော ဒေသများတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုများရှိနေပြီး UNICEF အနေဖြင့် ရောဂါပျံ့နှံ့မှုမရှိစေရေး ထိန်းချုပ်မှုလုပ်ငန်းများကို အရှိန်မြှင့်ကြိုးပမ်းဆောင်ရွက်နေသော်လည်း ကူးစက်မှု တိုးမြင့်လာနိုင်ကြောင်း UNICEF အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

UNICEF အဖွဲ့အနေဖြင့် သောက်သုံးရေရရှိရေး၊ ရေသန့်စက်များနှင့် ကျန်းမာရေးအထောက်အပံ့များ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မိသားစုနှင့်ကွဲကွာနေသော ကလေးများကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေး၊ စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုများကို ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်နေသော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ကိုးသန်းခန့် လိုအပ်လျက်ရှိနေသေးကြောင်း UNICEF အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Ref : Sputnik News**
**Trs : AZH**

# စပိန်နိုင်ငံတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ၁၉၆၁ ခုနှစ်နောက်ပိုင်း အပူနွေးဆုံးသော ဇန်နဝါရီလအဖြစ် မှတ်တမ်းဝင်ခဲ့

**မက်ဒရစ် ဖေဖော်ဝါရီ ၈**

စပိန်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလ၌ ရာသီဥတုပူနွေးမှုနှုန်း မြင့်တက်ခဲ့ပြီး ၁၉၆၁ ခုနှစ်နောက်ပိုင်း အပူနွေးဆုံးသော ဇန်နဝါရီလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း စပိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စပိန်နိုင်ငံ၏ ဆောင်းရာသီအလယ်ပိုင်းကာလတွင် ပုံမှန်မဟုတ်သည့် အပူချိန်ပမာဏသို့ ရောက်ရှိခဲ့ခြင်းမှာ စပိန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှုန်း မြင့်တက်လာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် ဇန်နဝါရီလဟာ ၁၉၆၁ ခုနှစ်နောက်ပိုင်း အပူချိန်အမြင့်ဆုံးဇန်နဝါရီလအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဇန်နဝါရီလဟာ စပိန်နိုင်ငံရဲ့ ဆောင်းရာသီအလယ်ပိုင်းကာလဖြစ်ပါတယ်။ အအေးဓာတ်မြင့်မားတဲ့ကာလမှာ အပူချိန်ဟာ ၈ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်"ဟု စပိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ဇန်နဝါရီလအတွင်း အပူချိန်မြင့်တက်ခဲ့သော ဒေသများမှာ စပိန်နိုင်ငံ တောင်ဘက်ပိုင်းနှင့် အလယ်ပိုင်း၊ အိုင်ဘာရီယန်ကျွန်းဆွယ်တို့ဖြစ်ပြီး ကန်နာရီကျွန်းများတွင်လည်း အပူချိန်မြင့်တက်ခဲ့ကြောင်း၊ အဆိုပါဒေသများတွင် မြင့်တက်ခဲ့သောအပူချိန်ကို ဇန်နဝါရီလအတွက် လွန်ကဲသောအပူချိန်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထို့ပြင် စပိန်နိုင်ငံ မြောက်ဘက်ပိုင်းနှင့် ဘာလီရာရစ်ကျွန်းတို့တွင် ဖြစ်ပေါ်ခဲ့သော အပူချိန်ကို အလွန်ပူပြင်းသော အပူချိန်အဖြစ်သတ်မှတ်ခဲ့ပြီး အီဘရီချိုင့်ဝှမ်းတွင် ဖြစ်ပေါ်ခဲ့သောအပူချိန်ကို သာမန်အပူချိန်အဖြစ် စပိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ဂုန်အလိုက်သတ်မှတ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဟေတီနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီနှင့်ရဲတပ်ဖွဲ့ ပဋိပက္ခဖြစ်ပွားရာ လူငါးဦးသေဆုံး

**ပို့အော်ပရင့်စ် ဖေဖော်ဝါရီ ၈**

ဟေတီနိုင်ငံ ပေါ့အူပရင့်မြို့၌ ဖေဖော်ဝါရီ ၇ ရက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆန္ဒထုတ်ဖော်မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က ဝင်ရောက်ထိန်းသိမ်းရာမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ အေးဂျင့်များနှင့် ဟေတီရဲတပ်ဖွဲ့တို့ကြား ပဋိပက္ခဖြစ်ပွားရာ အေးဂျင့်ငါးဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဟေတီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဟေတီအစိုးရက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ အေးဂျင့်များကို တိုင်းပြည်၏ အရန်လုံခြုံရေးတပ်ဖွဲ့အဖြစ် သတ်မှတ်ကာ လက်နက်များပေးထားခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်ရာမှ ရဲတပ်ဖွဲ့က ဝင်ရောက်ထိန်းသိမ်းခဲ့သည့်ကိစ္စနှင့် အချင်းများခဲ့ခြင်းဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ဟေတီအာဏာပိုင်အဖွဲ့အစည်းက ဖြစ်စဉ်အကြောင်းအရာကို တရားဝင် ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း၊ သို့သော်လည်း အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဟေတီနိုင်ငံဝန်ကြီးချုပ် ဟင်နရီက ၎င်းတွင် အဓိက တာဝန်ရှိသည့်အတွက်ကြောင့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည်ဟု ကတိပေးပြောကြားခဲ့ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးခြင်း မရှိသည့် ဝန်ကြီးချုပ် ဟင်နရီကို ရာထူးမှနုတ်ထွက်ရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ဆန္ဒထုတ်ဖော်သူများကို ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ထိန်းသိမ်းခဲ့ပြီး လက်နက်ကိုင်ဆောင်ခွင့်ရထားသော အေးဂျင့်များကိုလည်း လက်နက်ချရန်စေခိုင်းရာမှ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး အေးဂျင့်ငါးဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ၏ အကြီးအကဲ လာဇာရီက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ





## ပြည်ထောင်စုစိတ်ဓာတ်ကို မလျှိုင်ပြု

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှု၊ အပြန်အလှန်လေးစား ယုံကြည်မှုများဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုမလျှိုင်ပြု၍ ချမှတ်ထားသော အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို လက်တွေ့ကျကျကျင့်သုံးပြီး ဆက်လက်၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

၄-၁-၂၀၂၄

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလာတက္ကသိုလ်တွင် ဈေးရောင်းပွဲတော်နှင့် ပဒေသာကပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဈေးရောင်းပွဲတော်နှင့် ပဒေသာကပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ အဆိုပါတက္ကသိုလ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် မန္တလာတက္ကသိုလ်ပါမောက္ခချုပ်တို့က ဈေးရောင်းပွဲတော်နှင့် ပဒေသာကပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာန၊ အသင်း၊ ဘာသာရပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ အေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ဘွဲ့နှင်းခန်းမတွင် အခမ်းအနားကိုဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ရောင်စုံပန်းဖြာ မန္တလာဂုဏ်ပြုသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို စာစီစာကုံး၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ကပြဖျော်ဖြေခဲ့သည့်အဖွဲ့အတွက် ဂုဏ်ပြုငွေများကို ပါမောက္ခချုပ်နှင့် ကျောင်းသားကျောင်းသူများထံသို့လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## သတိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ဖေဖော်ဝါရီ ၁၀ ရက်နှင့် အခမ်းအနားကျင်းပမည့် ဖေဖော်ဝါရီ ၁၂ ရက်တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်ထိ ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရောဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၁၉/ ၂၀၂၄**

၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်)

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခင်အုန်းတင့်အား ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် EV ဆိုင်ရာ လျှပ်စစ်ယာဉ်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူစားသုံးနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်သည့်အတွက် မည်သူမဆို နံနက် ၈ နာရီမှ ည ၁၀ နာရီထိ လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူစားသုံးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းများနှင့် ရဲမှုထမ်းဟောင်းများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစားဝန်ထမ်းများနှင့် ရဲမှုထမ်းဟောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်



ရန်ကုန်တိုင်းဒေသကြီးရှိ အငြိမ်းစားဝန်ထမ်းများနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ အဌါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း လှေ့လာဖူးမြော်ကြည်ညိုစဉ်။

ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဌါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများနှင့် ရဲမှုထမ်းဟောင်းများ၏ရင်တွင်းစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါတယ်-

"အန်တီကလေ ဒီမာရဝိဇယဘုရားကြီးကိုစမြင်ပြီး ဖူးမြော်လိုက်ကတည်းက စိတ်ထဲမှာအရမ်းအေးချမ်းသွားတာပဲ။ ကျောက်ပြားတွေများ တော်တော်အံ့မခန်းကို အေးချမ်းအောင် ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ဆရာတော်ကြီးများအားလုံးကိုလည်း ဒီနေရာကနေ သာဓုခေါ်ပါတယ်။ ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက်ကြောင့် ခုနစ်ရက်သားသမီးတွေလည်း အမျိုးဘာသာသာသနာကို စောင့်ရှောက်ပြီးတော့ အပူများလည်းငြိမ်းပါစေ၊ နိုင်ငံတော်ကြီးလည်း အခွန့်ရှည်တည်တံ့စွာနဲ့ ဆက်လက်ဆောင်ရွက်ပြီးတော့ အမျိုးဘာသာ သာသနာကိုလည်း ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့ပြီး ရန်ကုန်မှာရှိတဲ့ မိသားစုတွေကိုခေါ်လာပြီးတော့ မိသားစုတွေအားလုံးလာပြီး ဖူးမြော်အုံးမှာပါ။ အနယ်နယ်အရပ်ရပ်ကလည်း လာရောက်ဖူးမြော်နိုင်ဖို့ အန်တီကဖိတ်ခေါ်ပါတယ်။"

"စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ဖူးမြော်ရတဲ့အတွက် အလွန်ပဲဝမ်းသာပီတိဖြစ်ရပါတယ်။ ဒါ့အပြင် ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်တဲ့နေရာမှာလည်း မြန်မာ့ရိုးရာ ဗိသုကာလက်ရာပေါင်းစုံကို မြင်တွေ့ရတဲ့အတွက်လည်း မြန်မာရဲ့ဂုဏ်ဟာ ကမ္ဘာမှာ မြင့်မားနေတယ်ဆိုရင်ကိုပဲ အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်လိုက်ရတဲ့အခါမှာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဗိသုကာအတတ်ပညာတွေ၊ အင်ဂျင်နီယာအတတ်ပညာတွေကို လေ့လာခွင့်၊ ဖူးမြော်ခွင့်ရတဲ့အတွက်ကြောင့် သူတို့ရဲ့အတတ်ပညာကို အင်မတန်မှအံ့မခန်းဖြစ်မိပါတယ်။ သူတို့ရဲ့ဆောင်ရွက်မှုတွေဟာ တကယ်ကိုဖူးချင်စဖွယ် အင်မတန်တင့်တယ်သပ္ပာယ်တဲ့ ဘုရားကြီးဖြစ်အောင် ထုဆစ်နိုင်ခဲ့တဲ့အတွက်၊ အလွန်ပဲဖူးမြော်ကြည်ညိုခွင့်ရတဲ့အတွက် ပညာရှင်တွေကို ကျေးဇူးတင်ပါတယ်။ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်လိုက်တာနဲ့ စိတ်ထဲမှာ အင်မတန်ကို အေးချမ်းပါတယ်။ ကိုယ်လိုပဲ လာရောက်ဖူးမြော်တဲ့အခါမှာ အေးချမ်းဖို့အတွက် နိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူတွေအားလုံးရော၊ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ပြည်သူတွေအားလုံးရော စိတ်ချမ်းသာကိုယ်ကျန်းမာဖြစ်အောင် တကယ့်အထိမ်းအမှတ် ဘုရားကြီးလည်းဖြစ်တာကြောင့် ဖူးမြော်သင့်လို့ လာရောက်ဖူးမြော်ကြပါလို့ ဖိတ်ခေါ်ပါတယ်။"

"ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုရောက်တော့ ဒီလိုအံ့မခန်းဖူးမြော်ရတာ အရမ်းပဲစိတ်ချမ်းသာတယ်။ မြန်မာတစ်နိုင်ငံလုံးက ပြည်သူတွေအားလုံးလည်း လာရောက်ဖူးမြော်စေချင်တဲ့ စိတ်စေတနာလည်းပေါ်ပေါက်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုကြီးကျယ်တဲ့ ဘုရားပရိဝုဏ်အတွင်းမှာ ဗိသုကာပညာရှင်၊ အတတ်ပညာရှင်တို့ရဲ့ အနုစိတ်လက်ရာတွေနဲ့အဆောက်အအုံကြီးတွေကိုမြင်တွေ့ရတော့ အတတ်ပညာရှင်၊ အသိပညာရှင်တွေရဲ့ စိတ်ကူးဉာဏ်စွမ်းနဲ့ တည်ဆောက်ပေးခဲ့တဲ့ အကြီးအကဲအားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ နောင်အကြိမ်ကြိမ်လာရောက်ဖူးမြော်ခွင့်ရပါစေလို့လည်း ဆုတောင်းခဲ့ပါတယ်။"







# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ပြုလုပ်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့်လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။


## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ၊ ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၃၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) ဖုန်း- ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No. 06713906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်





နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများကလိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်ထိ တရုတ်နိုင်ငံသား ၄၈၈၀၃ ဦး၊ဗီယက်နမ်နိုင်ငံသား ၁၀၇၁ ဦး၊ ထိုင်းနိုင်ငံသား ၅၃၇ ဦး၊မလေးရှားနိုင်ငံသား ၁၃၃ ဦး၊ ကိုရီးယားနိုင်ငံသားဦးရေ ၂၀ နှင့် လာအိုနိုင်ငံသား ၁၈ ဦးတို့အပါအဝင် နိုင်ငံခြားသား စုစုပေါင်း ၅၀၆၁၉ ဦးကို စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့်ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ စစ်မှုထမ်းဟောင်း ၂၀၀၀ ဝန်းကျင်ကို နေပြည်တော်သို့ ခေါ်ယူထားပြီး တောင်တွင်းကြီးမြို့တွင် စစ်သင်တန်း နှစ်ပတ်ပေးကာ ရှေ့တန်းစေလွှတ်မည်ဟု မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တပ်မတော်က ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ စစ်မှုထမ်းဟောင်းဦးရေ ၂၀၀၀ ဝန်းကျင်ကို နေပြည်တော်သို့ ခေါ်ယူထားပြီး တောင်တွင်းကြီးမြို့တွင် စစ်သင်တန်း နှစ်ပတ်ပေးကာ ရှေ့တန်းသို့ အကူတပ်များအဖြစ် စေလွှတ်မည်ဟု မဟုတ်မမှန်သတင်းများကို အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ အပါအဝင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များပါ နေပြည်တော်သို့ ဘုရားဖူးရန် ရောက်ရှိလာမှုကို ပြည်ဖျက်မီဒီယာများက အချိန်အခါကိုက် သတင်းတု၊သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# ရမ်းဗြဲမြို့ကို တပ်မတော်မှလေကြောင်းက အဆိပ်ငွေ့သုံးကာ တိုက်ခိုက်ဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ကို တပ်မတော်က ဖေဖော်ဝါရီ ၇ ရက်တွင် လေကြောင်းမှ အဆိပ်ငွေ့ဗုံးများသုံးကာ တိုက်ခိုက်ခဲ့သည်ဟု မဟုတ်မမှန်သတင်းများကိုလူမှုကွန်ရက်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

"တပ်မတော်သည် ရမ်းဗြဲမြို့တွင် အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခြင်း မရှိသလို အခြားမည်သည့်တိုက်ပွဲများတွင်မှလည်း အဆိပ်ငွေ့ဗုံးများအသုံးပြုတိုက်ခိုက်ခဲ့ခြင်းများမရှိကြောင်း"၊ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များသည် တိုက်ပွဲများတွင် တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးထိခိုက်ဒဏ်ရာရမှုများပြားလာပါက ထိုကဲ့သို့ ဝါဒဖြန့်ကောလာဟလသတင်းများကို လူမှုကွန်ရက်တွင် အချိန်ကိုက် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မျိုးမင်းထွေး (အဖျောက်)"TikTokအကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၄)ရပ်ကွက်နေ မျိုးမင်းထွေး(ခ)မျိုးကြီးကို နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ "Sayarchit English Mawlamyine" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ချောင်းဆုံမြို့ အရှေ့ရပ်ကွက်နေ ချစ်ကိုကိုအား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။


ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

အိမ်ပြင်ပဌာထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# နိုင်ငံတော်ဩဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် နဂါးနှစ်ကောင်ကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၇)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် (၁၄)ရက် (၈-၂-၂၀၂၄)ရက် နံနက် ဝ၀း၀၂ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။




**နိုင်ငံတော်ဩဝါဒါစရိယ**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်**
**နဂါးနှစ်ကောင်ကျောင်းတိုက်ဦးစီးပဓာနနာယက**
**ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ**
**(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏**
**ထေရုပ္ပတ္တိအကျဉ်း**

## ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းကိန်ရွာ ခမည်းတော် ဦးဟောင်(ကွယ်)-မယ်တော် ဒေါ်နန်းပင်း(ကွယ်)တို့မှ ၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် (၉)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

## ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မရံသီကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၀ ပြည့်နှစ် ကဆုန်လဆန်း (၁၃)ရက်နေ့တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မရံသီကို ဥပဇ္ဈာယ်ပြုလျက် ကျိုင်းတုံမြို့ ကျိုင်းယင်းရပ်ကွက်နေ ဦးဆန်း-ဒေါ်နန်းလှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

## ပရိယတ္တိစာပေသင်ယူ

ဆရာတော်လောင်းလျာသည် ကျိုင်းတုံမြို့နယ် ယန်းကိန်ရွာ ရွာဦးကျောင်းဆရာတော်၊ ကျိုင်းယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မရံသီ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ရာ ၁၃၂၀ ပြည့်နှစ်တွင် ဂုံရှမ်းဘာသာဖြင့် ဖြေဆိုအောင်မြင်တော်မူပြီး မူလဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

## သာသနာရေးလုပ်ငန်းများဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၅၇ ခုနှစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ နဂါးနှစ်ကောင် ပရိယတ္တိစာသင်ကျောင်းတိုက်ကို စတင်တည်ထောင်ပြီး စာသင်တိုက်ခွဲ(၄)တိုက်ဖြင့် တည်ထောင်ဖွင့်လှစ်ထားခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်မှစ၍ နဂါးနှစ်ကောင်ကျောင်းတိုက်၌ ရှမ်းတိုင်းရင်းသား သာမဏေ/ရဟန်းအပါး (၂၀၀)ခန့်ကို အစိုးရပါဠိပထမပြန်မှုအတိုင်း ဂုံရှမ်းဘာသာဖြင့် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း စာမေးပွဲများကိုလည်း အကြိမ်(၅၀)တိုင် နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း၊ ၁၃၅၅ ခုနှစ်မှစတင်၍ ပိဋကတ်သုံးပုံ ပါဠိတော်နှင့် ဂုံရှမ်းဘာသာပြန်စာအုပ်ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်သည် ၁၃၇၄ ခုနှစ်မှစ၍ ပိဋကတ်သုံးပုံပါဠိတော်အစုံအား ကျောက်စာချပ်ရေ (၂၅၀၀) ခန့်ဖြင့် ကျောက်ထက်အက္ခရာတင်၍ တာချီလိတ်မြို့ တာချီလိတ်ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ကျောက်စာတိုင်များ စိုက်ထူကာ တည်ထားလှူဒါန်းခဲ့ကြောင်း၊ နဂါးနှစ်ကောင်ကျောင်းတိုက်တွင် စာသင်သားရဟန်းသာမဏေအပါး (၂၀၀)ခန့်တို့အားအခြေခံမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့တွင် ဂုံရှမ်းဘာသာဖြင့် သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ၁၃၃၈ ခုနှစ်တွင် ဆန်ဆိုင်းအခြေခံပညာအလယ်တန်းကျောင်းမြေနေရာနှင့် ကျောင်းအဆောက်အအုံများ လှူဒါန်းပေးခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်တွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ တာချီလိတ်ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဆရာတော်မှ ဦးဆောင်၍ တည်ထားကိုးကွယ်ခဲ့ပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း၊ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန တာချီလိတ်မြို့နယ် သာသနာရေးမှူးရုံးမြေနေရာနှင့်ရုံးအဆောက်အအုံတို့ကို ဦးဆောင်၍ မတည်ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် တာချီလိတ်မြို့ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့လူငယ်(ပရဟိတ)ဂေဟာကို ဆရာတော်မှ ဦးဆောင်၍ တည်ထောင်ဖွင့်လှစ်ခဲ့ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ်တွင် တာချီလိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးမြေနေရာနှင့် ဆေးရုံအဆောက်အအုံငါးထပ်၊ ဆရာဝန်များနေအိမ်တိုက်ခန်းတို့ကို ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း၊ ၁၃၃၀ ပြည့်နှစ်မှစ၍ ၁၃၈၀ ပြည့်နှစ်အထိ နှစ်ပေါင်း (၅၀) တိုင်တိုင် စာဝါများပို့ချပေးခဲ့ကြောင်း၊ ၎င်းအပြင် ယခုအခါကျောင်းတိုက်တွင် ရဟန်း (၂၇) ပါး၊ သာမဏေ (၈၀) ပါး စုစုပေါင်း (၁၀၇) ပါး သီတင်းသုံးတော်မူလျက်ရှိကြောင်း၊ ဆရာတော်သည် ၁၃၄၂ ခုနှစ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးတွင် တာချီလိတ်မြို့နယ် သံဃသမ္မုတိရ သံဃာကိုယ်စားလှယ်ဆောင်ရွက်ခဲ့ပြီး ယနေ့တိုင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဖြင့်လည်းကောင်း၊ တာချီလိတ်မြို့နယ် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသည့်ဂုဏ်ရည်များ

ဆရာတော်သည် ခရိုင်ပြည်သူ့ဆေးရုံကြီးမြေနေရာနှင့် ဆေးရုံအဆောက်အအုံငါးထပ်၊ ဆရာဝန်များနေအိမ်တိုက်ခန်းတို့အား ဆောက်လုပ်လှူဒါန်းပေးခြင်း မြန်မာနိုင်ငံအတွင်းသာမက ထိုင်းနိုင်ငံမှလည်း ဆရာတော်ကြီးအား ကြည်ညိုမှု ခံယူရရှိတော်မူလျက်ရှိကြောင်း သိရှိရပါသည်။

## ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆောကဂုဏ်၊ ဂန္ထဓုရ ဗာဟုသစ္စဂုဏ်၊ ဗဟုဇနဟိတ သုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်၊ လဇ္ဇီ ပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၅ ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်၊ ထိုင်းနိုင်ငံ မဟာချူလာ လောင်ကွန်းတက္ကသိုလ်က ၂၀၀၉ ခုနှစ်တွင် (Homorry Ph.D, Degree From Mahachulalongkornrajavidyalaya University, Bangkok, Thailand) ဘွဲ့၊ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်က ၂၀၁၀ ပြည့်နှစ်တွင် **ရတနရံသီဘွဲ့** တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး နိုင်ငံတော်အစိုးရက ၂၀၂၁ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၇)ဝါအရ ၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (၈-၂-၂၀၂၄) ကြာသပတေးနေ့ (ဝ၀း၀၂) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# ရှားတောတွင် ကိုယ်ဝန်ဆောင်သည်အပါအဝင် ကလေးသုံးဦးနှင့် အမျိုးသမီးသုံးဦး အသတ်ခံရဟု မဟုတ်မမှန်သတင်းများ ရေးသားဝါဒဖြန့်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကယားပြည်နယ် ရှားတောမြို့နယ်တွင် ဖေဖော်ဝါရီ ၅ ရက်က နေရပ်စွန့်ခွာထွက်ပြေးနေရသည့် စစ်ဘေးဒုက္ခသည် အမျိုးသမီးသုံးဦးနှင့် ကလေးသုံးဦးကို တပ်မတော်က ပစ်သတ်ခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသနယ်မြေလုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ပြောကြားချက်အရ ဖေဖော်ဝါရီ ၅ ရက်တွင် ရှားတောဒေသအတွင်း တပ်မတော်က နယ်မြေလှုပ်ရှားသွားလာမှု မရှိကြောင်းနှင့် ယာယီနေရပ်စွန့်ခွာသူများကို သတ်ဖြတ်ခဲ့သည်ဆိုသည်မှာလည်း အခြေအမြစ်မရှိသည့် သတင်းမှားသာဖြစ်ကြောင်းနှင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ကောလာဟလ သတင်းများကို လုပ်ကြံရေးသား ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။







**သဇင်(FM) အသံလွှင့်အစီအစဉ်**

၉-၂-၂၀၂၄ (သောကြာနေ့)

၁။ ၀၈း၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၅း၀၀ တော်ဝင်ပန်းကလေးသဇင်
၄။ ၁၇း၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။ ၂၁း၂၀ မြန်မာသံစဉ်(ကာလပေါ်)
၆။ ၂၁း၄၀ Love Dictionary

# ဇရပ်ကြီးမြို့အတွင်း လိုအပ်သော လုံခြုံရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ၊ အကြမ်းဖက်သောင်းကျန်းသူများက ပရဟိတလုပ်ငန်းသုံးယာဉ်များအသုံးပြု၍ လက်နက်၊ ခဲယမ်းသယ်ဆောင်ခြင်းများ လုပ်ဆောင်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းကို ဖေဖော်ဝါရီ ၇ ရက်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်ကလေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူကာ အောင်မြင်စွာဖြင့် ချုပ်ချုပ်ချွံချွံ ပြန်လည်တွန်းလှန်တိုက်ထုတ်ခဲ့သည်ကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယနေ့ နံနက် ၆ နာရီခန့်တွင် ဇရပ်ကြီးမြို့အတွင်း အသေးစိတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ

စာမျက်နှာ ၂၅ သို့





KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တပ်မတော်စခန်းကြောင်းများ အချိန်မီမရောက်ရှိစေရန်အတွက် အများပြည်သူသွားလာအသုံးပြုလျက်ရှိသော ကျွဲပွဲ-ဇရပ်ကြီးသွားကားလမ်းပေါ်ရှိ မြို့ဆိုးတံတားကို မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။






KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသည့် ပရဟိတအမည်ခံ အလင်းဓာတေမန်ယာဉ်ကို သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသည့် ပရဟိတအမည်ခံ အလင်းဓာတေမန်ယာဉ်ကို သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ရှိအောင်းခဲ့သည့် အဆောက်အအုံအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။





KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများ ရှိအောင်းခဲ့သည့် အဆောက်အအုံ အတွင်းမှ သိမ်းဆည်း ရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်း ဓာတ်ပုံ။





KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မြို့တွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ကျေနပ်မှုမရှိသည့် ပြည်သူများက ပေးပို့လာသည့် မှတ်တမ်းဓာတ်ပုံ။

# ဒီမိုကရေစီနှင့် ညီညွတ်ခြင်း

**ပိုက်တင်**

ဒီမိုကရေစီကိုယ်တိုင်ကပင်လျှင် ညီညွတ်ခြင်းတည်း။ ညီညွတ်ခြင်းသည်ပင်လျှင် ဒီမိုကရေစီတည်း။ ရှင်းပါအံ့။ ညီညွတ်ခြင်းဟူသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ဝပြောစည်ပင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း စသည့်လူ့ဘောင်တို့၏ကောင်းမြတ်ခြင်းတရားကို သညာပြုလေ၏။ ညီညွတ်ခြင်းတွင် တရားမျှတမှုတည်၏။ လွတ်လပ်ခြင်းတည်၏။ ဝပြောစည်ပင်ခြင်းတည်၏။ ငြိမ်းချမ်းသာယာခြင်းတည်၏။ ညီညွတ်ခြင်းတွင် အမှန်းတရားကင်း၏။ မတရားမှုတို့ကင်း၏။ မညီမျှမှုတို့ ကင်း၏။ အနိုင်အထက်ပြုခြင်းတို့ကင်း၏။ ကြောက်ရွံ့စိုးရိမ်မှုတို့ကင်း၏။ မရေရာမသေချာမှုတို့ကင်း၏။ ရက်စက်ကြမ်းကြုတ်မှုတို့ကင်း၏။

ဒီမိုကရေစီကို ဘာကြောင့်တည်ဆောက်ကြသနည်း။ မတရားမှုတို့ ကင်းစေလို၍တည်း။ မညီမျှမှုတို့ ကင်းစေလို၍တည်း။ အနိုင်အထက်ပြုခြင်းတို့ ကင်းစေလို၍တည်း။ ကြောက်ရွံ့စိုးရိမ်မှုတို့ ကင်းစေလို၍တည်း။ မသေချာမရေရာမှုတို့ ကင်းစေလို၍တည်း။ ရက်စက်ကြမ်းကြုတ်မှုတို့ ကင်းစေလို၍တည်း။ သို့ပေသောကြောင့် ဒီမိုကရေစီကိုတည်ဆောက်ခြင်းသည် ညီညွတ်ခြင်းကို တည်ဆောက်ခြင်းဖြစ်သကဲ့သို့ ညီညွတ်ခြင်းကို တည်ဆောက်ခြင်းသည်လည်း ဒီမိုကရေစီကို တည်ဆောက်ခြင်းတည်း။ ညီညွတ်ခြင်းမရှိလျှင် ဒီမိုကရေစီမရှိနိုင်။ ဒီမိုကရေစီမရှိလျှင်ညီညွတ်ခြင်းမရှိနိုင်။ အပြန်အလှန် အမှီသဟဲပြုနေလေ၏။ သို့ပေသောကြောင့် ညီညွတ်ခြင်းကိုတည်ဆောက်ရန်လည်းကောင်း၊ ဒီမိုကရေစီကို တည်ဆောက်ရန်လည်းကောင်းဆိုလျှင် ၎င်းတို့၏ ရင်းမြစ်တရားများကို ဦးစွာအခိုင်အမာ တည်ဆောက်နိုင်မှသာ ဖြစ်နိုင်တော့၏။

လူ့ဘောင်အဖွဲ့အစည်းအတွင်း၌ တရားမျှတမှုကို တည်ဆောက်ရသည်ဖြစ်၏။ တန်းတူညီမျှမှုကို တည်ဆောက်ရသည်ဖြစ်၏။ အနိုင်အထက်ပြုမှုကို ပပျောက်စေရသည်ဖြစ်၏။ ကြောက်ရွံ့စိုးရိမ်မှုကို ပပျောက်စေရသည်ဖြစ်၏။ မသေချာမရေရာမှုကို သေချာရေရာမှု(ခိုင်မာသောအနာဂတ်)ဖြင့် ပုံဖော်အစားထိုးရသည်ဖြစ်၏။ ရက်စက်ကြမ်းကြုတ်မှုကို ဖယ်ရှင်းလျက်၊ ကင်းစင်စေလျက် စာနာခြင်းတရားကို အခိုင်အမာအစားထိုးရသည်ဖြစ်၏။ ထိုသို့ ဆောင်ရွက်နိုင်သည့်အချိန် ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ညီညွတ်ခြင်းသည် ပီပြင်စွာပေါ်ပေါက်တည်ရှိလာလိမ့်မည်ဖြစ်သကဲ့သို့ ဒီမိုကရေစီကိုတည်ဆောက်ရာတွင်လည်းပြဿနာ၊ အခက်အခဲ၊ အဟန့်အတား၊ စိန်ခေါ်မှုကင်းစင်စွာ လွယ်လင့်တကူအောင်မြင်ပြီးမြောက်မည်မုချတည်း။

စာနာခြင်းတရားသည် ညီညွတ်ခြင်းအတွက် အခြေခံအကျဆုံးလိုအပ်ချက်တည်း။ စာနာခြင်းတရားထွန်းကားစေရန်၊ စာနာခြင်းတရား လွှမ်းမိုးစေရန်အတွက် နိုင်ငံသားတို့၏အသိဉာဏ်နှင့် ကိုယ်ကျင့်ကို မြှင့်တင်ပေးနိုင်ရန်လိုအပ်လေ၏။ လွယ်ကူချောမွေ့သော အလုပ်မဟုတ်ပေ။ ပညာရေးအဆင့်ကို မြှင့်တင်ပေးရန်လိုအပ်သလို စည်းကမ်း၊ ဥပဒေလိုက်နာတတ်ကြစေရန်လည်း ထိန်းကျောင်းပေးရမည်ဖြစ်လေ၏။ တွေးခေါ်မြော်မြင်မှုအားကောင်းလာစေရေး လေ့ကျင့်ပေးရန်လိုအပ်သလို စားဝတ်နေမှုချောင်လည်စေရေး ဖြည့်ဆည်းပေးရန်လည်း လိုအပ်ပြန်လေ၏။ လူတိုင်းလူတိုင်းက စာနာခြင်းတရားကို လက်ကိုင်ထားလာကြလျှင် မတရားမှုများလည်း ပျောက်ကွယ်လိမ့်မည်တည်း။ မညီမျှမှုများလည်း အဆုံးသတ်လာလိမ့်မည်တည်း။ ပဋိပက္ခများလည်း ချုပ်ငြိမ်းလာလိမ့်မည်တည်း။ ထိုအခြေအနေသို့ ရောက်ရှိလျှင် နိုင်ငံသားတို့အချင်းချင်းကြားယုံကြည်မှုသည် ဖြစ်ထွန်းလာလိမ့်မည်တည်း။ အချင်းချင်းရိုင်းပင်းလိုစိတ်များပေါ် ထွက်လာလိမ့်မည်တည်း။ ထိုအချိန်အခါ၌ ညီညွတ်ခြင်းတရားသည် ကောင်းစွာဖြစ်တည်လာလိမ့်မည်တည်း။ စာနာခြင်းတရားအားနည်းလေ ညီညွတ်ခြင်းသည် ဆိတ်သုဉ်းလေဖြစ်ခြင်းသည် နိယာမတည်း။ စာနာခြင်းတရား အားနည်းလေ ပဋိပက္ခများအားကောင်းလေ၊ ရာဇဝတ်မှုများထူပြောလေ၊ ငြိမ်းချမ်းရေးတို့ ဝေးကွာလေဖြစ်ခြင်းသည် နိယာမတည်း။ စာနာမှ ညီညွတ်၏။

> ❖ လူသည်အချင်းချင်း ညီညွတ်သောအခါ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းအင်အားတောင့်တင်းရေးကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း အလေးထား၏။ ကြံဆ၏။ ကြိုးပမ်းဆောင်ရွက်၏။ ထိန်းသိမ်း၏။ တစ်ဖန်လူ့အဖွဲ့အစည်းအဆင့်မြင့်လာသောအခါ၊ ငြိမ်းချမ်းလာသောအခါ၊ ဖွံ့ဖြိုးတိုးတက်လာသောအခါ လူတစ်ဦးချင်းစီ၏ ကောင်းကျိုးချမ်းသာကိုလည်း အထောက်အပံ့ပြု၏။ ဖြည့်ဆည်း၏။ အာမခံချက်ပေး၏။ မြှင့်တင်၏။ ထို့ကြောင့် ညီညွတ်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်မြှင့်တင်ရေးအတွက် အခြေခံအုတ်မြစ်တည်း။ ❖

လူနှင့်လူ့အဖွဲ့အစည်းကြားအညမညဖြစ်စဉ်သည် ညီညွတ်ခြင်းကို အခြေခံ၏။ လူသည် အချင်းချင်း ညီညွတ်သောအခါ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကိုလည်းကောင်း၊ လူ့အဖွဲ့အစည်း အင်အားတောင့်တင်းရေးကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း အလေးထား၏။ ကြံဆ၏။ ကြိုးပမ်းဆောင်ရွက်၏။ ထိန်းသိမ်း၏။ တစ်ဖန် လူ့အဖွဲ့အစည်းအဆင့်မြင့်လာသောအခါ၊ ငြိမ်းချမ်းလာသောအခါ၊ ဖွံ့ဖြိုးတိုးတက်လာသောအခါ လူတစ်ဦးချင်းစီ၏ ကောင်းကျိုးချမ်းသာကိုလည်း အထောက်အပံ့ပြု၏။ ဖြည့်ဆည်း၏။ အာမခံချက်ပေး၏။ မြှင့်တင်၏။ ထို့ကြောင့် ညီညွတ်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်မြှင့်တင်ရေးအတွက် အခြေခံအုတ်မြစ်တည်း။ ထိုအုတ်မြစ်ကို အခိုင်အမာဖြိုခွင်းသည့် ဒီမိုကရေစီကို အခိုင်အမာ တည်ဆောက်နိုင်ရေးအတွက် အာမခံချက်လည်းဖြစ်၏။

တောင်အာဖရိကခေါင်းဆောင်ဖြစ်သူ နယ်လ်ဆင်မင်ဒဲလားသည် ဂန္ဓဝင်ကမ္ဘာ့ငြိမ်းချမ်းရေး အမှတ်သရုပ်ဖြစ်သည်။ လူ့အခွင့်အရေးခေါင်းဆောင်ဖြစ်သလို ဒီမိုကရေစီမီးရှူးတန်ဆောင်လည်းဖြစ်၏။ အခြားအခြားသော ခေါင်းဆောင်များကို စံပြုထိုက်သည့်ခေါင်းဆောင်ဖြစ်၊ မဖြစ် အငြင်းပွားကြသည်များရှိသော်လည်း နယ်လ်ဆင်မင်ဒဲလားသည်မူ ကမ္ဘာအနှံ့ မည်သူကမျှ အငြင်းပွားခြင်းမရှိသည့် ကြီးကျယ်ခမ်းနားသော ခေါင်းဆောင်ဖြစ်လေ၏။ နယ်လ်ဆင်မင်ဒဲလားသည် အဘယ့်ကြောင့်ကြီးကျယ်ခမ်းနားသည့် ခေါင်းဆောင်ဖြစ်လာရသနည်းဟူသော မေးခွန်းနှင့်ပတ်သက်၍ အဖြေများစွာရှိလေ၏။ သည်းခံစိတ်ရှည်သူဖြစ်သောကြောင့်၊ အမြော်အမြင်ကြီးမားသူဖြစ်သောကြောင့်၊ စည်းရုံးရေးစွမ်းရည်မြင့်မားသောကြောင့် စသည်။ သို့သော် စင်စစ်အားဖြင့် နယ်လ်ဆင်မင်ဒဲလားသည် ညီညွတ်ခြင်းတရားကို တစ်သက်လုံး မျက်ခြည်မပြတ်တည်ဆောက်ခဲ့သူဖြစ်သောကြောင့်၊ ညီညွတ်ခြင်းကိုအခြေခံလျက် တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ တန်းတူညီမျှမှုနှင့် ဒီမိုကရေစီတို့ကို ကောင်းမွန်ခိုင်မာစွာတည်ဆောက်ရသည်ဖြစ်ကြောင်း လက်တွေ့ကြိုးပမ်းဆောင်ရွက် သာဓကပြခဲ့သောကြောင့် ကြီးမြတ်သည့်ကမ္ဘာ့အဆင့်ခေါင်းဆောင်အဖြစ် ရာဇဝင်မော်ကွန်းတွင်ခဲ့ရခြင်းဖြစ်တော့သည်။ ဆယ်စုနှစ်များစွာ လူမည်းတို့အပေါ် ဖိစီးနှိပ်စက် အနိုင်ကျင့်ခဲ့သော လူဖြူတို့အပေါ် လူမည်းတို့၏ အမုန်းအငြိုး အာဃာတတရားများ လုံးဝကင်းစင်ရမည်ဖြစ်ကြောင်း အခိုင်အမာဟောပြောခဲ့လေသည်။

လူဖြူကြီးစိုးမှုကို အဆုံးသတ်ရန်ဆိုသည်မှာ လူမည်းကြီးစိုးမှုကို စတင်ရန်မဟုတ်ကြောင်း၊ လူဖြူလူမည်း အတူတကွနေထိုင်ကြသော လူ့အဖွဲ့အစည်းတစ်ခုတွင် လူမည်းအချင်းချင်းကြား ညီညွတ်ကြရုံဖြင့် မငြိမ်းချမ်းနိုင်သလို လူဖြူအချင်းချင်းကြား ညီညွတ်ရုံမျှဖြင့်လည်း အာမခံချက်မရှိနိုင်ကြောင်း အသွေးအရောင်အုပ်စုမခွဲခြားဘဲ နိုင်ငံသားများအချင်းချင်းကြားတရားမျှတမှု၊ တန်းတူညီမျှမှု၊ မေတ္တာတရားတို့ကိုအခြေခံသည့်ငြိမ်းချမ်းရေး၏ အခြေခံအကြောင်းတရားဖြစ်သော ညီညွတ်ခြင်းတရားကို တည်ဆောက်နိုင်ကြမှသာ လူမည်းတို့အတွက်ရော လူဖြူတို့အတွက်ပါ အာမခံချက်ရှိသောစနစ်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ရဲစွမ်းသတ္တိအပြည့်အဝဖြင့် ဟောပြောစည်းရုံးကာ လက်တွေ့လည်း အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် ယနေ့တွင် ဖွံ့ဖြိုးတိုးတက်သော တောင်အာဖရိကနိုင်ငံအဖြစ် ရပ်တည်နေခြင်းဖြစ်သလို နယ်လ်ဆင်မင်ဒဲလားသည်လည်း ကြီးမြတ်သော ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင်အဖြစ် သမိုင်းတွင် အထင်အရှားတွင်ကျန်ရစ်ခဲ့ခြင်းဖြစ်လေ၏။

ညီညွတ်ခြင်းအုတ်မြစ်ကိုတည်ဆောက်ရန် ခက်ခဲစေသော အခြားအဟန့်အတားတချို့မှာ၊ အတ္တလွန်ကဲခြင်း၊ မာနလွန်ကဲခြင်း၊ ဝန်တိုစိတ်လွန်ကဲခြင်း၊ ဉာဏ်ပညာနုံနည်းခြင်း၊ ခေတ်နောက်ကျသည့် အတွေးအခေါ်ရှိခြင်း၊ အုပ်စုအမြင်ဖြင့် ဆုံးဖြတ်ခြင်းတို့ပင်ဖြစ်သည်။ အတ္တလွန်ကဲခြင်းကြောင့် မတော်လောဘဖြစ်ပေါ်စေပြီး မတော်လောဘစိတ်က မတရားမှုကို တိုးပွားစေလျက်ညီညွတ်ခြင်းကိုထိခိုက်ပျက်စီးစေသည်။ မာနလွန်ကဲခြင်းကြောင့် မိမိကိုယ်ကိုအထင်ကြီးမှုနှင့် တစ်ပါးသူ၊ လူမှုဝန်းကျင်တို့ကို အထင်သေးမှုဖြစ်ပေါ်လျက် ညီညွတ်ခြင်းကို ဖျက်ဆီးလေ၏။

ဝန်တိုစိတ်လွန်ကဲလျှင်လည်း သူတစ်ပါးနှင့်လူ့အဖွဲ့အစည်းအပေါ် အမုန်းအငြိုးအာဃာတတရားများဖြင့် ရှုမြင်တတ်လေသောကြောင့် ညီညွတ်ခြင်းကိုဟန့်တားပြန်လေ၏။ ဉာဏ်ပညာနုံနည်းပြန်လျှင်လည်း အမှန်တရားကို ဆင်ခြင်သိမြင်နိုင်စွမ်း ကင်းမဲ့မည်ဖြစ်သောကြောင့် ညီညွတ်ခြင်းနှင့်လည်း ဝေးကွာမည်ဖြစ်ပြန်၏။ ခေတ်နောက်ပြန်ဆွဲသည့် အတွေးအခေါ်လွှမ်းမိုးပြန်လျှင်လည်း မတူညီသည့် ဖြစ်တည်မှုများကို အကောင်းမြင်စိတ်ဖြင့်ရှုမြင်ရန် ခက်ခဲမည်ဖြစ်သောကြောင့် ညီညွတ်ခြင်းကို အနှောင့်အယှက်ပြုမည်ဖြစ်၏။ အုပ်စုအမြင်ဖြင့် စဉ်းစားဆုံးဖြတ်ပြန်လျှင်လည်း ဆိုဖွယ်ရာမရှိ၊ မိမိအုပ်စု၏အပ ဖြစ်သမျှအသွေးမတူ၊ အမြင်မတူ၊ လမ်းစဉ်မတူကွဲပြားမှုများ အားလုံးကို ရန်သူသဖွယ်မြင်လျက် ညီညွတ်ခြင်းကို အယုံအကြည်ပင် ကင်းမဲ့မည်တည်း။

သို့ပေသောကြောင့် ညီညွတ်ခြင်းကို အမှန်တကယ် အခိုင်အမာတည်ဆောက်နိုင်ရန်ဆိုလျှင် အသိပညာနှင့် ကိုယ်ကျင့်ကို ကောင်းစွာတည်ဆောက်နိုင်ကြရန် မဖြစ်မနေလိုအပ်ပေ၏။ ပညာနှင့်ကိုယ်ကျင့်မြင့်မားသည့်လူ့အဖွဲ့အစည်းသည် ညီညွတ်ခြင်းတရားတည်ရှိနေမည် ဘူမိနက်သန်နေရာမှန်တည်း။ ညီညွတ်ခြင်းတည်ရှိသည့်အရပ်တွင် ဒီမိုကရေစီသည်ထွန်းကားမည်၊ တည်တံ့မည်၊ မုချတည်း။ ထို့ကြောင့် ဒီမိုကရေစီသည် ညီညွတ်ခြင်းဖြစ်၏။ ညီညွတ်ခြင်းသည် ဒီမိုကရေစီတည်း။

---

**စာမျက်နှာ ၂၃ မှအဆက်**

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ဇရပ်ကြီးဒေသဖွံ့ဖြိုးရေးအတွက် အထူးအရေးပါသည့် ကျွဲပွဲ - ဇရပ်ကြီးသွားကားလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (အရှည် ပေ ၁၂၀၀) သံကူကွန်ကရစ်အမျိုးအစား အများပြည်သူသွားလာအသုံးပြုလျက်ရှိသော မြို့ဆိုးတံတားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၄ နာရီခွဲတွင် တပ်မတော်စစ်ကူစစ်ကြောင်းများ ဇရပ်ကြီးမြို့သို့ အချိန်မီမရောက်ရှိစေရေးအတွက် တံတားလုံခြုံရေးတပ်ဖွဲ့ဝင်များကို အင်အားသုံးပစ်ခတ်တိုက်ခိုက်၍ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ဇရပ်ကြီးမြို့အတွင်းရှိ နယ်မြေခံတပ်ရင်းကို အရှေ့ဦးဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များကယနေ့နံနက်ပိုင်း၌ ဇရပ်ကြီးမြို့အရှေ့ဘက်အခြမ်းတွင် ရှင်းလင်းမှုများဆောင်ရွက်ခဲ့ရာ ဇရပ်ကြီးမြို့အတွင်းနှင့် တပ်ရင်းဌာနချုပ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲဖြစ်စဉ်များအတွင်း ကားလမ်းဘေးနေရာတစ်ခု၌ လမ်းဘေးထိုးကျပျက်စီးနေသည့် အလင်းစေတမန်ပရဟိတအသင်း လူနာသယ်ယာဉ်တစ်စီးကိုတွေ့ရှိခဲ့ပြီး ယာဉ်အားရှင်းလင်းခဲ့ရာ ယာဉ်ပေါ်တွင် သောင်းကျန်းသူအလောင်းအချို့နှင့် အသင့်ထုပ်ပိုးထားသည့်လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းအချို့တို့ကို သိမ်းဆည်းရရှိခဲ့သည်။ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပရဟိတလုပ်ငန်းခေါင်းစဉ်အကြောင်းပြ၍ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် လက်နက်၊ ခဲယမ်းများ သယ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ငန်းတွင် ထိခိုက်ဒဏ်ရာရရှိသူများကို သယ်ယူပို့ဆောင်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

တစ်ချိန်တည်းတွင် ဇရပ်ကြီးမြို့အနောက်ဘက်ကျေးရွာများအတွင်း လုံခြုံရေးလုပ်ငန်းများ အသေးစိတ်ဆောင်ရွက်ခဲ့ရာ သောင်းကျန်းသူများ ခိုအောင်းခဲ့ပြီး တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားပြီးနောက် ဖရိုဖရဲဖြင့်ဆုတ်ခွာထွက်ပြေးရာတွင် ကျန်ရှိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ကားလမ်းဘေးအဆောက်အအုံအတွင်း သောင်းကျန်းသူအလောင်းအချို့နှင့်အတူ ထပ်မံသိမ်းဆည်းရရှိခဲ့သော်လည်း သောင်းကျန်းသူအလောင်းများမှာ ပုံဖြင့်ဖော်ပြရန်မသင့်သဖြင့် ချန်လှပ်ထားခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် တပ်မတော်စစ်ကြောင်းများ၏ တိုက်ခိုက်မှု၊ လေကြောင်းပစ်ကူနှင့် လက်နက်ကြီးပစ်ကူပေးမှုတို့ကြောင့် အထိနာစွာဖြင့် ဆုတ်ခွာထွက်ပြေးရာတွင် မြို့တွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ရာ ကျေနပ်မှုမရှိသည့် ဒေသခံပြည်သူအချို့၏ ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံများကို နာကြည်းမှုဖြင့် ပေးပို့လာကြောင်း တွေ့ရှိရသည်။

KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် ပရဟိတလုပ်ငန်းများကို အကြောင်းပြ၍ ဟန်ပြလူနာတင်ယာဉ်များဖြင့် လူနှင့်လက်နက်၊ ခဲယမ်းသယ်ဆောင်ခြင်းများကို လုပ်ဆောင်နေကြောင်းသိရှိရသဖြင့် မိဘပြည်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မိမိတို့နေထိုင်သော မြို့ရွာများအတွင်း အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များဆောင်ရွက်မှုနှင့်ပတ်သက်၍ သိရှိရပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဇရပ်ကြီးမြို့အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို အသေးစိတ်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ဝ လုံးကလေးရေးတတ်ပြီ

ကနောင် (ပခန်းမြေ)



(၁)

"စံပယ်ပန်းတွေရမယ်၊ ငွန်ပန်းတွေရမယ်။ Taxi ကားဆရာဦးလေးကြီးရေ သမီးကို စံပယ်ပန်းလေး တစ်ကုံး၊ နှစ်ကုံးလောက် အားပေးသွားပါအုံး"

"ကွမ်းယာလား၊ ဆေးလိပ်လား၊ ဆေးလိပ်လား ကွမ်းယာလား၊ ကွမ်းယာဆေးလိပ်ကွမ်းယာဆေးလိပ်"

ထိုအသံလေးများသည် လှည်းတန်းခုံးတံတား အောက်မီးပွိုင့်ကိုဖြတ်သည်နှင့်နေ့စဉ်ကြားနေရသော၊ အရွယ်မရောက်သေးသည့် ကလေးငယ်များ၏ဈေး ရောင်းနေကြသောအသံဖြစ်သည်။ ယောက်ျားလေး များသည် ကွမ်းယာနှင့်ရေသန့်ဘူးတို့ကို မီးပွိုင့်မိနေ သော ကားများသို့သွားရောက်၍ ဝယ်ပါယူပါ တစာစာနှင့် အော်ရောင်းလျက်ရှိကြသည်။ မိန်းကလေး များကလည်း ပန်းကုံးလေးများကိုကိုင်လျက် ကား ဆရာများထံသို့ ပူတိပူဆာနှင့်ရောင်းကြရသည်။ ထိုကလေးများရောင်းသည်ကို ဝယ်ယူအားပေးကြသူ များရှိသလို မဝယ်ဘဲ လက်ပြငြင်းဆိုကြသူများ လည်း ရှိသည်။

"ဟဲ့ ချက်စူ နင် ဈေးမရောင်းဘဲ ဒီမှာလာထိုင်ပြီး ဘာလုပ်နေတာလဲ"

ကွမ်းယာထုပ်လေးများကို လက်ကကိုင်လျက် တံတားအောက်လာထိုင်နေသော ချက်စူကိုတွေ့၍ ဖြူသွယ်မေးလိုက်သည်။ ဖြူသွယ်အမေးစကား ကြောင့် ချက်စူသည် လက်ညှိုးကို ပါးစပ်ရှေ့ထောင်ပြပြီး နှုတ်ခမ်းကိုစူလျက်-

"ရှူးတိုးတိုးပြောပါ မမဖြူရ။ အန်တီကြီးကြားသွား လို့ အဆူခံနေရပါအုံးမယ်။ ငါ ဗိုက်အောင့်နေလို့ ခဏလာထိုင်နေတာ"

"အေးပါဟာ ငါက နင့်ကိုအန်တီမြင်ရင်ဆူမှာစိုး လို့ မေးတာပါဟ"

ဖြူသွယ်သည် ချက်စူကိုပြန်ပြောပြီး ကားများကြား သို့ ဝင်သွားလေတော့၏။

"စံပယ်ပန်းတွေရမယ်၊ ငွန်ပန်းတွေရမယ်"

(၂)

ဖြူသွယ်အပါအဝင် လှည်းတန်းအနီးတစ်ဝိုက်ရှိ အခြေခံလက်လုပ်လက်စား ဈေးရောင်းကြရရှာသော ကလေးငယ်များသည် လှိုင်သာယာကျူးတဲလေးများ ဆီမှ လာရောက်ကြသူများဖြစ်သည်။ အသက်အား ဖြင့် ရှစ်နှစ်၊ ကိုးနှစ်ကနေ ၁၂ နှစ်၊ ၁၃ နှစ်အရွယ်လေး များသာဖြစ်ကြသည်။ ပညာရရမည့်အရွယ်လေးများ ဖြစ်သော်လည်း ဘဝပေးအခြေအနေအရ ယခု ကဲ့သို့ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေကြ ရသူများမို့ ပညာမတတ်စာမတတ်ဖြစ်ကြရရှာ၏။

ယခုကဲ့သို့ဈေးရောင်းနေကြရသော်လည်း မိမိကိုယ် ပိုင်အလုပ်မဟုတ်။ ကျူးရပ်ကွက်ထဲမှအဒေါ်ကြီးတစ် ယောက်ကချိတ်ဆက်၍ ကလေးများကိုတစ်လလျှင် ငွေကျပ် ၆၀၀၀၀၊ ၇၀၀၀၀ပေးမည်ဟုပြောလျက် ကလေးမိဘများထံစည်းရုံးပြောဆိုကာ အလုပ်ပေး သောသူဌေးထံသို့ သွင်းပေးရသည်။ အလုပ်သမား ရှာ ပေးသော ထိုအဒေါ်ကြီးသည် အလုပ်ရှင် သူဌေးထံမှ အလုပ်သမားရှာပေးခအဖြစ် ကလေး တစ်ယောက်ကို ဘယ်ရွေ့ဘယ်မျှ ပိုက်ဆံအချိုးကျရသည်။

ကလေးမိဘများကလည်း အရွယ်ရောက်စခိုင်းစား လို့ရသော ကလေးများကိုအိမ်တွင်မထားဘဲ အလုပ် ခေါ်သူရှိရာ ထည့်ပေးလိုက်တတ်ကြသည်။ အချိန်တန် ကလေးများ၏ လုပ်စာရလျှင်ပြီးရောသဘောထားကြ၏။ သည်လိုနှင့် ဖြူသွယ်သည်လည်း လှည်းတန်းခုံးတံတား အောက်တွင် ပန်းရောင်းသမလေးဖြစ်လာခဲ့ရ၏။ ဖြူသွယ်လိုပင် ငယ်စဉ်အခါ ဝမ်းစာရှာ ပညာကင်းမဲ့ စာမတတ်သည့် ကလေးများစွာသည်လည်း သည်နေရာအနီးတစ်ဝိုက်တွင် ကျင်လည်ကျက်စား လျက်ရှိသည်မဟုတ်ပါလား။ ဖြူသွယ်တစ်ယောက် အတွေးလွန်နေခိုက်ဝယ်-

"မမဖြူရေ မမဖြူ"

ကားလမ်းတစ်ဖက်မှ ချက်စူ၏ခေါ်သံကြားရသည်။ ဖြူသွယ်သည် လက်တစ်ဖက်ကိုမြှောက်ပြ၍ -

"ဟေး ချက်စူ ငါ ဒီမှာဟ"

ချက်စူသည် ဖြူသွယ်ရှိရာ အပြေးရောက်လာသည်။ အထူးအဆန်းပြောစရာရှိသည့်ဟန်မျိုးနှင့် ဟောဟဲ ဆိုက်နေ၏။

"ဟဲ့ ချက်စူ ဘာလဲဟ။ အမောတကောနဲ့"

ချက်စူသည် ဖြူသွယ့်မျက်နှာကို စေ့စေ့ကြည့် လျက်မေးသည်။ ထင်မှတ်မထားသော ချက်စူစကား ကြောင့် ဖြူသွယ်ဘာပြန်ပြောရမည် မသိ။

"မမဖြူ စာဖတ်တတ်လားဟင်"

ချက်စူက ဖြူသွယ်အဖြေစကားကို စိတ်ဝင်တစား စောင့်နေသည်။ ဖြူသွယ်က သက်ပြင်းရှည်ကို ဖြည်း ဖြည်းချလိုက်ပြီး တဏ္ဍသိုလ်ရိပ်သာလမ်းပေါ်မှဖြတ် မောင်းသွားသော ကျောင်းကားတစ်စီးကိုငေးလျက် ချက်စူကိုရိုးသားစွာပြောနေမိသည်။

"ချက်စူရယ် ငါဘယ်လိုလုပ် စာဖတ်တတ်မှာလဲဟာ။ ကျူးတဲထဲမှာမွေးပြီး လမ်းဘေးမှာကြီးပြင်းလာခဲ့ရတဲ့ ငါ့ဘဝက ပညာတွေသင်တဲ့ကျောင်းတော်ကြီးနဲ့ အဝေးကြီးပါ"

"မမဖြူကလဲ ချက်စူလဲ စာမဖတ်တတ်ပါဘူးဗျာ။ ဒါပေမဲ့ စာတော့ဖတ်တတ်ချင်မိတယ်ဗျ"

"ဈေးရောင်းရ အဆင်ပြေစေဖို့၊ ပိုက်ဆံတွေကို တောင် သင်္ကေတနဲ့ အရောင် စသဖြင့် မှတ်ထားပြီး ရောင်းဝယ်နေကြရတဲ့အဖြစ်မှာ စာတတ်ဖို့ဆိုတာ စိတ် ကူးယဉ်မနေချင်စမ်းပါနဲ့ချက်စူရယ်။ နင်တို့၊ ငါတို့ စာတတ်ဖို့အရေး ဘယ်မိဘကကျောင်းထားပေးကြမှာ မို့လို့လဲဟာ"

ဖြူသွယ်က သူ့စကားသူသဘောကျလျက် ရယ် သည်။ ချက်စူက တံတားအောက်အန်တီတို့ရှိရာ လက် ညှိုးထိုးပြလျက်။

"မမဖြူ ဟိုမှာကြည့်လိုက်"

အန်တီတို့ ကွမ်းယာထုပ်၊ ပန်းသီကုံးနေကြသည့် နေရာ၌ ဝတ်စုံတူအဖြူရောင်တီရှပ်အင်္ကျီလေးများ နှင့် အမျိုးသမီးအဖွဲ့တစ်ဖွဲ့ကို တွေ့လိုက်ရသည်။ အသက်အားဖြင့် ၂၀ ကျော်၊ ၃၀ ခန့် အရွယ်များ သာဖြစ်သည်။

"ဟဲ့ ချက်စူ အဲဒါဘာတွေလဲ"

"ငါ ကြားခဲ့တာတော့ ကလေးတွေကို စာသင် ဖို့ဆိုလား"

"ဘယ်လို ကလေးတွေကို စာသင်ဖို့ ဟုတ်လား"

"ဟုတ်တယ် မမဖြူရ။ ချက်စူကြားခဲ့တာ ပြောပြ မယ် မမဖြူသေချာနားထောင်"

ဖြူသွယ်သည် ချက်စူစကားကို စိတ်ဝင်တစားနား ထောင်လိုက်လေ၏။ မီးပွိုင့်မိနေသော ကားတစ်စီးမှ ရေတစ်ဘူးဝယ်၍ ချက်စူစကားပြောတာခဏရပ်ပြီးအ ပြေးသွားရောင်းသည်။ အဖြူရောင်အမျိုးသမီးလေး များအဖွဲ့သည် အန်တီတို့နှင့်စကားပြောလျက်ရှိနေဆဲ။

(၃)

"မင်္ဂလာပါရှင့်အန်တီ။ သမီးတို့က ကလေးသူငယ် တွေစာတတ်မြောက်ဖို့အတွက် ရည်ရွယ်စုဖွဲ့ထားတဲ့ ဝါသနာတူပရဟိတအဖွဲ့လေးတစ်ဖွဲ့ပါအန်တီ။ သမီး တို့ စုံစမ်းသိရသလောက် အန်တီတို့က ဒီအနားတစ်ဝိုက် ဈေးရောင်းနေကြရရှာတဲ့ ကလေးတွေရဲ့ အလုပ်ရှင်ဆို တော့ ကလေးတွေလဲစာဖတ်တတ်အောင်၊ အန်တီ တို့စီးပွားရေးလဲ မထိခိုက်အောင် သမီးတို့ ဒီအဖွဲ့လေး က ကူညီပေးချင်လို့ပါအန်တီ"

အဖွဲ့ထဲမှအမျိုးသမီးတစ်ယောက်သည် အန်တီကို သေချာစိတ်ရှည်လက်ရှည် ရှင်းပြနေသည်ကိုကြားရ သည်။ အန်တီက ကွမ်းတစ်ယာကို ပါးစပ်ထဲထည့် ငုံလျက် ပြန်မေးသည်။

"ညည်းတို့က ဘယ်လိုတွေများကူညီကြမှာမို့လို့လဲ။ ငါ့ဆိုင်က ကွမ်းတွေ၊ ပန်းတွေကို ညည်းတို့က အကုန် ဝယ်ကြမလို့လား"

"အဲဒီလိုမဟုတ်ပါဘူးအန်တီ။ သမီးတို့ကူညီမယ်ဆို တာက ကလေးတွေလဲ စာရေးစာဖတ်တတ်ကြရမယ်။ ပြီးတော့ အန်တီရောင်းမဲ့ ကွမ်းနဲ့ ပန်းတွေကိုလဲ ကလေးတွေကိုယ်စား သမီးတို့အဖွဲ့က ရောင်းပေး ကြမှာပါ"

အန်တီသည် စိတ်ဝင်တစားရှိသွားဟန် ပေါက်လာ၏။

"အင်း ဆက်ပြောပါအုံး။ ညည်းတို့အစီအစဉ်က"

"ဟုတ်ကဲ့ရှင့်။ အန်တီရဲ့ကလေးတွေ ဈေးရောင်း ကြရတဲ့အချိန်ထဲကနေပြီး သမီးတို့ကို အန်တီက အချိန် တစ်နေ့ကို တစ်နာရီခွဲပေးရမယ်။ အဲဒီ အချိန် မိနစ် ၉၀ အတွင်းမှာ သမီးတို့အဖွဲ့တွေက ကလေး တွေကို အချို့က စာရေးစာဖတ်သင်ပေးမယ်။ အချို့က ကလေးတွေရောင်းရမဲ့ ကွမ်းယာ၊ ရေသန့်ဘူး၊ ပန်းကုံးတို့ကို ကိုယ်စားရောင်းပေးကြလိမ့်မယ်။ အန်တီက စာရင်းနဲ့မှတ်ထားပေးပေါ့။ ရောင်းရသမျှနဲ့ ကျန်တဲ့ပစ္စည်းတွေကို သမီးတို့အဖွဲ့က တိတိကျကျ ပြန်အပ်ပေးကြမှာပါရှင့်"

အန်တီသည် ကလေးများအတွက်လည်း အကျိုး ရှိပြီး မိမိအတွက်လည်း အဆင်ပြေသောကိစ္စပေမို့ မဆိုးလှဘူးဟုတွေးလိုက်သည်။ မိမိ၏ရင်မှဖွားသော သမီးနှင့်သားကိုတော့ အထက်တန်းကျောင်းကောင်း ကောင်း တစ်ခုတွင် ပညာအေးအေးလူလူသင်ယူနိုင်ရန် ထားနိုင်ခဲ့၏။ လမ်းမကြီးပေါ်တွင် နေပူမရှောင်၊ မိုးရွာ မရှောင် ဈေးရောင်းနေကြရရှာသော မိမိ၏ကလေး အလုပ်သမားလေးများကို ရင်မှမွေးဖွားသမီးသားနှင့် ယှဉ်ကြည့်မိသောအခါ သားသမီးချင်းကိုယ်ချင်းစာ မိခဲ့ရလေသည်။ ကလေးများကို သတိတရလှမ်းကြည့် လိုက်သောအခါ အချို့သည်ဈေးရောင်းနေကြလျက်ရှိ သည်။ ချက်စူနှင့် ဖြူသွယ်တို့ နှစ်ယောက်ကတော့ မိမိတို့အနား ရစ်သီရစ်သီနှင့် စပ်စုနေသည်ကို တွေ့ရ၏။

"အင်း ညည်းတို့အစီအစဉ်လေးကမဆိုးပါဘူး။ အဆင်ပြေတဲ့အချိန်ကစပြီး ညည်းတို့ စကြပေါ့အေ။ ငါ့ကလေးတွေကို ငါခေါ်ပြောလိုက်ပါ့မယ်။ သူတို့တွေ စာတတ်ချင်သပဆိုရင်ပေါ့"

ထိုသို့နှင့် လမ်းဘေးကလေးသူငယ် စာတတ် မြောက်ရေးအစီအစဉ်လေးသည် ရုပ်လုံးပေါ်ဖြစ်တည် လာခဲ့ရလေတော့သည်။

(၄)

ဖြူသွယ်နှင့် ချက်စူတို့ကလေးများသည် စာသင်ရ သည်ကို ပျော်မွေ့လျက်ရှိကြသည်။

ဆရာမသည် ချက်စူနှင့်ဖြူသွယ်လာပြသော လက် ရေးစာများကို ကြည့်လိုက်သည်။ လက်ရေးများသည် မညီမညာမလှပသော်လည်း မဆိုးလှပေ။ ကြိုးစား ရေးထားကြသည်မို့ ကျေနပ်မိသည်။

"ချက်စူနဲ့ ဖြူသွယ်တို့ တအားတော်ကြတယ်နော်။ စာတွေလဲရကြ၊ လက်ရေးလေးတွေလဲ ရေးတတ် ကြလိုက်တာ"

ဆရာမထံမှချီးမွမ်းစကားသံကြားရတော့ ဖြူသွယ် နှင့် ချက်စူတို့ တစ်ယောက်ကို တစ်ယောက်ကြည့်၍ ပြုံးကြပျော်ကြလေသည်။ ဆရာမသည် စာအုပ်လေးထဲ တွင် ဝ လုံးတစ်လုံးကို ဝိုင်းနေအောင်ရေးပြလိုက် ပြီးမေးသည်။

"အဲဒါ ဘာလဲ သိကြလား"

"ဝ လုံးပါ ဆရာမ"

ချက်စူနှင့်ဖြူသွယ်သည် လက်ပိုက်လျက် သံပြိုင် ဖြေကြသည်။ ချက်စူက ဆရာမရေးပြသည့် ဝလုံး ကလေးကို ကြည့်ပြီးပြောသည်။

"ဆရာမလက်ရေးလေးက သိပ်လှတာပဲနော်။ ဆရာမလို စာလုံးလှလှလေး ရေးတတ်ချင်လိုက်တာ"

"အင်း အဲဒါဆို ချက်စူကော ဖြူသွယ်ပါ လက်ရေး လှအောင် ဝ လုံးလေးကနေစပြီး ပြန် အရေးကျင့်ရမယ်။

စာမျက်နှာ ၂၇သို့ ➤

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၉၁ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၉၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၆၃၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၁၅၁၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

---

➤ စာမျက်နှာ ၂၆ မှအဆက်

ဝလုံးကလေးဝိုင်းအောင်ရေးတတ်ရင် ကျန်တဲ့ စာလုံးတွေကိုလဲ လှအောင်ရေးတတ်ပြီလို့ မှတ်ပေတော့"

စာကိုလိုလိုချင်ချင်သင်ယူကြသော ကလေးများကိုတွေ့ရတော့လည်း ဆရာမတို့ပျော်ရသည်။ သင်ပေးရကျိုးနပ်၍ ကျေနပ်ကြည်နူးမိကြရသည်။ ဖြူသွယ်နှင့် ချက်စူတို့နှစ်ယောက်သည် တံတားအောက်သမံတလင်းပေါ် ခေါင်းချင်းဆိုင်လျက် ဝ လုံးကလေးရေးနေကြလေပြီ။ စာသင်ချိန်ပြီးလျှင် သူတို့ဈေးရောင်းကြရပေဦးမည်။

(၃)

"ကျွီ ဒုန်း အား"

"ဟာ ချက်စူ"

အဖြစ်အပျက်သည်မြန်ဆန်လွန်းလှ၏။ စာသင်ချိန်ပြီး၍ ဈေးရောင်းရန်ထွက်လာသော ချက်စူကို အင်းစိန်လမ်းမဘက်မှ တက္ကသိုလ်ရိပ်သာလမ်းသို့ ဖြတ်လာသော ကားတစ်စီးက ပွတ်ဆွဲ၍ သွားလေပြီ။ ချက်စူသည် ကားပွတ်ဆွဲ၍ ပါသွားသည့် အရှိန်နှင့် လမ်းမပေါ်တွင် သွေးအလိမ်းလိမ်းပေနေသော ဦးခေါင်းလဲကျပြီးကားလမ်းနှင့်ရိုက်မိသောကြောင့်ဖူးရောင်ပေါက်ပြဲနေ၏။ ဖြူသွယ်သည် ချက်စူကို ပွေ့၍ ထား၏။ လူများကဝိုင်းအုံကြည့်နေကြသည်။ အန်တီသည်လည်း အပြေးရောက်လာပြီး လူနာတင်ကားခေါ်ရန်ပြောသံများ ကြားနေရသည်။ ဖြူသွယ်သည် ချက်စူကို ပွေ့ထားရင်း ငိုနေလေ၏။ ချက်စူက မျက်လုံးလေးမှေးစင်းလျက်-

"မမဖြူ ငါ တအားနာတယ်"ဟုပြောသည်။

အရေးပေါ်ကားကရောက်မလာသေး တိုက်သည့်ကားကလည်း ပလက်ဖောင်းကိုထပ်တိုက်မိ၍ ခေါင်းပိန်နေလေပြီ။ ဖြူသွယ်သည် မျက်ရည်စို့ရွဲနှင့် ချက်စူကို ပွေ့ထားရင်း ဝေဒနာသက်သာပါစေကြောင်း စကားရှာကြံပြောဆိုနေမိသည်။

"အားတင်းထားပါ ချက်စူရယ်။ နင်နဲ့ငါ စာတွေသင်ရအုံးမယ်လေ"

ထိုစကားကြားတော့ မျက်လုံးလေးမှေးလျက် ချက်စူကပြုံးသည်။ နာကျင်မှုများကြားက ပြုံးသည့်အပြုံးမို့ ကြာရှည်မခံ ဝေဒနာက ချက်စူ အပြုံးကိုပြန်ယူသွားသည်ထင်၏။

"ချက်စူ ချက်စူ"

ဖြူသွယ်က ငြိမ်ကျသွားသောချက်စူကို အော်ခေါ်သည်။ချက်စူ၏ မှေးလုလုမျက်လုံးလေးပွင့်လာ၏။

"ချက်စူ နင်ဘာမှမဖြစ်ရဘူးနော်။ ငါတို့ ဝလုံးကလေးတွေ အရေးကျင့်ရအုံးမှာဟ။ ဝ လုံးဝိုင်းဝိုင်းလေးတွေလေ"

ဖြူသွယ်စကားကြောင့် ချက်စူကပြုံးပြီးစကားတိုးတိုးလေးပြောရှာ၏။ သေချာမကြားရ၍ ခေါင်းလေးငုံ့ပြီး ဖြူသွယ်အာရုံစိုက် နားထောင်ကြည့်သည်။

"မမဖြူ ငါက ဝ လုံးကလေး ရေးတတ်ပြီ"

ထိုသို့ပြောပြီး ချက်စူသည် သွေးပေနေသော သူ့ညာလက်လေးကိုမြှောက်လျက် လက်ညှိုးလေးနှင့် ဖြူသွယ်ပါးထက်တွင် ဝ လုံးကလေးရေးချလိုက်လေ၏။ အရေးပေါ်ကားရောက်လာသောအခါ ချက်စူကို ဆေးရုံသို့ ခေါ်သွားကြလေသည်။

"ချက်စူတစ်ယောက် သေကံမရောက် အသက်မပျောက်ပါစေနဲ့" ဟု ဖြူသွယ် ဆုတောင်းရင်း တက္ကသိုလ်ရိပ်သာလမ်းမဘေးတွင် ကျန်ခဲ့သည်။ ရင်ထဲမှာလည်း ဟာတာတာနဲ့ပါလားချက်စူရယ်။

(၄)

ထိန်ပင်သုသာန်၌ "ချက်စူ အသက်(၁၀)နှစ်"ဆိုသည့် စာတန်းလေးက လွမ်းသူ့ပန်းခွေထဲတွင် အထင်းသားပေါ်လွင်လျက်ရှိနေ၏။ အနက်ရောင်ဂါဝန်လေးဝတ်လျက် ပါးနှစ်ဖက်တွင် သနပ်ခါးနှင့် ဝ လုံးကလေးဖော်ဆောင်ထားသည့်ဖြူသွယ်။ ထို့နောက် သူ့ဘေးတွင် ပရဟိတဆရာမလေးများရှိသည်။ ချက်စူ၏ ဆွေမျိုးမိဘများသည်လည်း ငိုလျက်။ အန်တီသည်ချက်စူရုပ်အလောင်းကို စိုက်ကြည့်ပြီး စိတ်မကောင်းဖြစ်နေဟန်ရှိ၏။

"ဒူ ဝေ ဝေ ဝေ ဝေ " ကြေးစည်ခေါက်သံကိုကြားလိုက်ရသည်။ လူများက မီးသင်္ဂြိုဟ်စက်ဆီသို့ချက်စူကိုခေါ်သွားကြလေပြီ။

"ချက်စူ ငါ့ကို မထားခဲ့ပါနဲ့ဟ။ အီး ဟီး ဟီး"

ဖြူသွယ်သည် ဝမ်းနည်းလှိုက်ဖိုငိုလျက် အလောင်းတွန်းလှည်းဆီပြေးလိုက်သည်။ ဆရာမလေးများက လှမ်းဆွဲသည်မရ၊ ဇွတ်ရုန်းကန်၍ပြေးလိုက်သွားသည်။

"ချက်စူရယ် ငါ့ကိုမထားခဲ့ပါနဲ့ဟာ။ နင်နဲ့ငါ စာတွေသင်ရအုံးမယ်လေ။ အီး ဟီး ဟီး"

ဖြူသွယ်လေးကိုကြည့်ပြီး ဆရာမများအပါအဝင် နာရေးပို့ဆောင်သူများပါ မျက်ရည်အဖြိုင်ဖြိုင်ကျခဲ့ကြရသည်။

"ကလေးရယ် ချက်စူလေးကို လွတ်ရာကျွတ်ရာသွားပါစေကွယ်"

"ဟင့်အင်း မသွားရပါဘူး။ သမီးတို့က စာတွေသင်ရအုံးမှာ ဝ လုံးကလေးတွေ အရေးကျင့်ရအုံးမှာ။ အီး ဟီး ဟီး"

"ဂျိုင်း"

မီးသင်္ဂြိုဟ်စက်ခန်းထဲသို့ ချက်စူကိုခေါ်ယူသွားကြပြီး တံခါးကိုပိတ်ချလိုက်လေပြီ။ ငိုလို့မဝသေးပါသော ဖြူသွယ်သည် မီးသင်္ဂြိုဟ်စက်တံခါးကို တဗုန်းဗုန်းထုလျက်-

"ချက်စူ နင်ပြန်လာခဲ့။ ချက်စူကို ခေါ်မသွားကြပါနဲ့"ဟုအော်ငိုလျက် မေ့လဲကျသွားသည်။ နာရေးပို့ဆောင်သူအဒေါ်တစ်ဦးက ဖြူသွယ်တက်၍သတိလစ်မေ့လဲသွားသည်ကိုမြင်၍ အထိတ်တလန့်အော်သည်။

"ဟဲ့ ဟဲ့ကလေးမလေးကို လုပ်ကြပါအုံး။ သတိလစ်မေ့လဲကျသွားတာထင်ရဲ့ ကူကြပါအုံးကွဲ့"

ရုတ်ရုတ်သဲသဲအသံများကို ဖြူသွယ်မကြားရပေ။ ထိန်ပင်သင်္ဂြိုဟ်စက်ခေါင်းတိုင်မှမီးခိုးငွေ့များသည် လေထုထဲတွင် လွင့်ပျံ့လျက်ရှိ၏။ သုသာန်မှအပြန် ဆရာမတစ်ဦး၏ရင်ခွင်ထဲတွင် မှေးလိုက်လာရင်း ဖြူသွယ်တစ်ယောက် "ဝ ဝ လုံးလေး ဝိုင်းဝိုင်းရေး"ဆိုသည့် ချက်စူ၏ အသံကလေးကိုနားထဲတွင် ကြားယောင်လျက်ရှိနေလေသည်။

---

## ဖြူစင်စိတ်ထား မေတ္တာပွား

- ရိုးသားပါ အစဉ်မြဲ
ဘဝထဲ နေတတ်စေ၊
လောကဒဏ် ရှုပ်ထွေးလှ
ကကြိုးစုံပေ၊
ဘဝဇာတ် အထွေထွေ
ယှဉ်တွဲနေ အကောင်းအဆိုး၊
စိတ်အားမာန် လျော့မသွားနဲ့
ကြိုးစားရှေ့တိုး။

- သောကပွေ ဘဝင်ညှိုး
ဒုက္ခမိုး ရွာတဲ့အခါ၊
မမေ့ဖွယ် စဉ်မပျက်
မေတ္တာပွားပါ၊
သန့်ရှင်းသော ရေပမာ
ဖြူစင်စွာ စိတ်ကိုထား၊
အသွားအပြန် မေတ္တာလမ်းတွေ
ဖြောင့်တန်းစေသား။

- ယုံကြည်ပါ စိတ်စွမ်းအား
အသိတရား ရှိစေနော်၊
ကောင်းကျိုးလို စိတ်ကောင်းမွေး
တွေးကြရှေ့မြော်၊
မြင့်မြတ်သော အတွေးအခေါ်
လမ်းမှန်ပေါ် ရောက်စေရေး၊
ကိုယ်ချင်းစာ စိတ်နှလုံးဖြင့်
ကျင့်သုံးလို့ပေး။ ။

**မယ်မင်းခ(စေရာ)**

---

# လပွတ္တာမြို့နယ် ရှမ်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လပွတ္တာ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းချောင်းကျေးရွာ၌ ဒုတိယအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂နာရီက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်စွာဝင်းက အသင်းသား၊ အသင်းသူများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကောင်းက မိမိတို့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ဒုတိယကြိမ်မြောက်စီမံကိန်း ရန်ပုံငွေကို ပြန်လည်ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူး ဦးကျော်စွာဝင်းနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှမ်းချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ် ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၆၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၁၉ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၄၂ ဒသမ ၂သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ရန်ပုံငွေ ကျပ် ၁၅ ဒသမ ၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ဦးကို ငွေကျပ် ၃၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **တေဇလင်း**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၄၈၀၅ ဧက စိုက်ပျိုးပြီးစီး



**အင်းတော် ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၄၈၀၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၃၅၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၀၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတယ်။ လက်ရှိအချိန်ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးနေပါပြီ။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နံနံ၊ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတဲ့ဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက် အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်ဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၂၀၆)

## ကျုံပျော်မြို့နယ် ကုက္ကိုစုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျုံပျော် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုက္ကိုစုကျေးရွာတွင် ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျုံပျော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုက္ကိုစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၁ ဒသမ ၄သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၇ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၉သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ဦးကို ငွေကျပ် ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

ခရီးသွားဆောင်းပါး

# သာယာလှပဤဒေသ ငြိမ်းချမ်းပေသည် လွမ်းစေတီ

သက်နိုင်(မြင်ဦးလွင်)

ခရီးသွားလာနေကြတဲ့ မိမိတို့ခရီးဖော်အဖွဲ့ဟာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ ရှာခိုင်ကြီးကျေးရွာအနီးမှာရှိနေတဲ့ မတောင့်မတ တောင်ပေါ်ကို ရောက်ရှိနေကြပါတယ်။ တောင်ပေါ်မှာရှိနေတဲ့ ကင်းတားဆည်တော်နဲ့ မတောင့်မတ အောင်သိဒ္ဓိဆုတောင်းပြည့်စေတီတော်ကြီးကို ဖူးမြော်ကန်တော့အပြီး တောင်အောက်ကရှုခင်းတွေကို လေ့လာကြည့်ရှုကြရတယ်။ ဒေသက ကင်းတားဆည်ရေသောက်ဒေသဖြစ်တဲ့အတိုင်း ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ စိုက်ကွင်းစိုက်ကွက်တွေ၊ လယ်ခင်း၊ ယာခင်းတွေ၊ ငှက်ပျော၊ သရက်၊ သဘော်၊ ကွမ်းရွက် စတဲ့ ဥယျာဉ်ခြံကြီးတွေနဲ့ စိမ်းစိုလို့နေတယ်။

ရှုခင်းတွေကို ကြည့်ရှုလေ့လာရင်းနဲ့ ကင်းတားဆည်နဲ့မြို့ကြီးရေလှောင်တမံတို့ကို မြင်ရမလားဆိုပြီး သတိထားကြည့်ရှုနေပေမဲ့ နှစ်ခုစလုံးကို မမြင်မတွေ့ရပါဘူး။ မြို့ကြီးတောရကျောင်းကိုရောက်ခဲ့တုန်းကတော့ မြင်တွေ့ခဲ့ကြရတယ်။ အနော်ရထာမင်းကြီးက ကင်းတားဆည်ကြီးကို တည်ဆောက်နေစဉ်အတွင်းနဲ့ တည်ဆောက်ပြီးစီးတဲ့အချိန်မှာ ကျောက်ဆည်၊ မြစ်သား၊ ကူမဲနယ်တစ်ဝိုက်မှာ တည်ထားကိုးကွယ်ခဲ့တဲ့ ဘုရားစေတီတွေ အများကြီးပဲဆိုပြီး နယ်ခံသူငယ်ချင်းက ရှင်းလင်းပြောပြတဲ့အခါ ရှုခင်းတွေကိုကြည့်ရှုနေတဲ့ အာရုံကနေ ကျောက်ဆည်၊ မြစ်သားနယ်မြေတစ်လွှားမှာတည်ရှိနေတဲ့ ဘုရားစေတီကြီးတွေရှိရာကို လျှပ်တစ်ပြက် အာရုံရောက်သွားမိပြန်တယ်။ သူငယ်ချင်းပြောပြတဲ့အတိုင်း အခုမိမိတို့ရောက်ရှိနေတဲ့ မတောင့်မတစေတီတော်ကြီးအပါအဝင် အနော်ရထာမင်းကြီးတည်ထားခဲ့တဲ့ စေတီတော်ကြီးတွေ အများအပြားပါ။ ဒါ့ပြင် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်ထဲမှာ လေ့လာကြည့်ရှုခဲ့စဉ်က ပန်းချီသရုပ်ဖော်ပုံတစ်ပိုင်း၊ ရုပ်လုံးရုပ်ကြွတစ်ပိုင်းနဲ့ ပြသထားတဲ့ အနော်ရထာမင်းကြီးကိုယ်တိုင် ကင်းတားဆည်ကြီးကို စီမံညွှန်ကြားတည်ဆောက်နေတဲ့ ပုံရိပ်တွေကို တရေးရေးနဲ့ ပြန်လည်မြင်ယောင်လာမိတယ်။ အဲဒီပြကွက်ထဲမှာလဲ ဘုရားစေတီတွေ ပါဝင်နေတာကို သတိထားမိနေတယ်။

မတောင့်မတတောင်ပေါ်မှာ လေ့လာပြီးကြတာနဲ့ အုတ်လှေကားထစ်တွေအတိုင်း ပြန်ဆင်းလာကြရင်း ဒီအုတ်လှေကားထစ်တွေက အနော်ရထာမင်းကြီး တည်ခဲ့စဉ်အခါက အမိုးပြာသာဒ်ဇောင်းတန်းကြီးတွေနဲ့ လေးဖက်လေးတန် ခံ့ခံ့ညားညားခမ်းခမ်းနားနားရှိနေခဲ့ပါလားဆိုပြီး စေတီတော်ပေါ်မှာရေးထိုးထားတဲ့သမိုင်းမှတ်တမ်းကျောက်စာတွေအရ တွေ့ရှိလွမ်းမိရပြန်တယ်။ တောင်တက်တောင်ဆင်းလှေကားတွေကို တစ်ချိန်ချိန်မှာ အမိုးပြာသာဒ်ကြီးတွေနဲ့ သပ်သပ်ရပ်ရပ် ပြန်လည်မြင်တွေ့ကြရမယ်ထင်ပါတယ်။ တောင်ခြေကိုရောက်လာကြတာနဲ့ ကားရပ်ထားခဲ့တဲ့ အရိပ်ကောင်းကောင်း မန်ကျည်းပင်ကြီးအောက်မှာ ခဏတာနားကြတယ်။ နေရာက ဘုန်းတော်ကြီးကျောင်းဝင်းတစ်ခုဖြစ်နေတဲ့အတိုင်း အနီးပတ်ဝန်းကျင်မှာ ကျောင်းဆောင်တွေ၊ ဇရပ်တွေ အများအပြားရှိနေကြတယ်။ ဒါပေမဲ့ ကျောင်းဆောင်တွေ၊ ကျောင်းတိုက်တွေ များပြားနေသလောက် ကျောင်းနေသံဃာတော်တွေ နည်းပါးနေတာကို သတိထားလိုက်မိတယ်။ မနက်ပိုင်း ဆွမ်းခံထွက်ချိန်ဖြစ်နေတာကြောင့် ရပ်ထဲ၊ ရွာထဲကို ဆွမ်းခံထွက်နေကြတာလားတော့ မပြောတတ်ပါဘူး။ ရွာကျောင်းဖြစ်နေလို့ သံဃာတော်အရေအတွက် နည်းပါးနိုင်ပါတယ်။

မတောင့်မတတောင်ကနေ ထွက်ခွာလာပြီး လွမ်းစေတီတောင်ရှိရာကို သွားကြမယ်လို့ ကားရှေ့ခန်းမှာလိုက်ပါလာတဲ့ ဒေသခံသူငယ်ချင်းကပြောပြလို့သိလိုက်ရတယ်။ လမ်းအခြေအနေက ကျေးရွာလမ်းတွေဖြစ်တဲ့အတိုင်း ကျောက်ချောခင်းလမ်းနဲ့ ဝဲ၊ ယာဘေးတစ်လျှောက်မှာ စိုက်ခင်းတွေ၊ ဥယျာဉ်ခြံတွေပါ။ ကားမောင်းလာရင်းနဲ့ ကွမ်းရွက်စိုက်ပျိုးခြံကြီးတစ်ခုအနီးကိုရောက်တော့ သူငယ်ချင်းဖြစ်သူက ဝင်ရောက်လေ့လာကြည့်ရှုမလားဆိုပြီး မေးတယ်။ ဒါပေမဲ့ ကွမ်းရွက်ခြံဆိုတာ အသန့်အပြန့်ကြိုက်တယ်။ သူစိမ်းအဝင်မခံဘူး။ အမှားမခံဘူး။ အလွန်ဂရုစိုက် ယုယရတယ်ဆိုတာကိုသိရှိထားလို့ မိမိတို့အတွက်ကြောင့် တစ်ခုခုဖြစ်သွားမှာကိုစိုးရိမ်တာနဲ့ မဝင်တော့ပါဘူးဆိုပြီး ငြင်းဆန်လိုက်ရတယ်။

မကြာခင်မှာ ငှက်ပျောခြံကြီးတစ်ခြံအနီးကို ရောက်လာတာနဲ့အတူ ငှက်ပျောခိုင်ခုတ်နေတဲ့သူတွေကိုလဲ တွေ့နေရလို့ ဝင်ရောက်လေ့လာချင်တဲ့စိတ်တွေ ပေါ်လာတာနဲ့ ကားကိုလမ်းဘေးလွတ်တဲ့နေရာမှာရပ်လိုက်တယ်။ ကြီးမားလှတဲ့ခြံကြီးထဲမှာ ငှက်ပျောခိုင်တွေကို တစ်ခိုင်ပြီးတစ်ခိုင်ခုတ်ရင်း ငှက်ပျောပင်တွေကိုလဲ တစ်ပင်ပြီးတစ်ပင်လှဲနေကြတာပါ။ ခြံထဲမှာ ငှက်ပျောခိုင်ကြီးတွေ၊ ငှက်ပျောပင်စည်တုံးတွေ၊ ငှက်ပျောရွက်တွေနဲ့ ပြည့်နှက်နေတော့တယ်။ ဝယ်ယူရောင်းချနေကြတဲ့ အခြေအနေတွေနဲ့ ဈေးကွက်ကိုမေးမြန်းစုံစမ်းကြည့်တော့ ငှက်ပျောခိုင်တစ်ခိုင်မှာ သတ်မှတ်တဲ့အဖီးအရေအတွက်နဲ့ သက်ဆိုင်ရာအဖီးတွေမှာလဲ သတ်မှတ်တဲ့အလုံးအရေအတွက် ပြည့်မီရမှာဖြစ်ကြောင်း၊ ငှက်ပျောခိုင်ကြီး ဘယ်လောက်လှလှ ကောင်းကောင်း အဖီးနဲ့အလုံးအရေအတွက်တွေ ပြည့်မီခြင်းမရှိရင် ဝယ်ယူမည်မဟုတ်ကြောင်း၊ ဝယ်ယူသူတွေက ဒေသခံပွဲရုံလုပ်ငန်းရှင်တွေဖြစ်ကြောင်း၊ စိုက်ပျိုးသူတောင်သူနဲ့ ငွေကြိုပေးစနစ်တွေ၊ ကြိုယူစနစ်တွေ တချို့ရှိနေကြကြောင်း၊ လုပ်ငန်းရှင်နဲ့တောင်သူ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီတွေဖြစ်ကြောင်း စတာတွေကို သိရှိလိုက်ရတယ်။

ငှက်ပျောခြံထဲထိ ဝင်ရောက်လေ့လာရင်း နောက်ထပ်ရရှိခဲ့တဲ့ ဗဟုသုတတစ်ခုက မိမိတို့ဝယ်ယူစားသုံးနေကြတဲ့ ငှက်ပျောဖူးဆိုတာ ရခိုင်အမျိုးအစားငှက်ပျောပင်ကဖြစ်ကြောင်း၊ ဖီးကြမ်း၊ သီးမွှေးစတဲ့ ငှက်ပျောပင်တွေကထွက်တဲ့ ငှက်ပျောဖူးကို စားသုံးလို့မရကြောင်း သိရှိခဲ့ရတယ်။ အခုရောက်ရှိနေတဲ့ ဖီးကြမ်းငှက်ပျောခြံကြီးထဲမှာ ခုတ်ထစ်စွန့်ပစ်ထားတဲ့ ငှက်ပျောဖူးတွေအများအပြားကို တွေ့မြင်နေရတယ်။ ဒါက လမ်းကြုံတဲ့ငှက်ပျောခြံကြီးတစ်ခြံထဲကို ဝင်ရောက်လေ့လာရင်း သိရှိမှတ်သားခဲ့ရတာတွေပါ။ ကျန်တဲ့ ကြက်သွန်နီခင်းတွေ၊ ငရုတ်ခင်းတွေကို ဝင်ရောက်လေ့လာမယ်ဆိုရင်လဲ များပြားလှတဲ့ဗဟုသုတတွေ ရရှိလိမ့်မယ်ထင်ပါတယ်။

ငှက်ပျောခြံထဲမှာလေ့လာပြီးတာနဲ့ မူလခရီးစဉ်ဖြစ်တဲ့ လွမ်းစေတီတောင်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ကျောက်ချောခင်း ရွာလမ်းလေးအတိုင်း စပါးခင်းတွေ၊ ကြက်သွန်နီခင်းတွေ၊ ငရုတ်ခင်းတွေ၊ ချောင်းရိုးလေးတွေကို မကြာခဏတွေ့မြင်ဖြတ်ကျော်ခဲ့အပြီး မိနစ်အနည်းငယ်အတွင်းမှာ လွမ်းစေတီတောင်ခြေကိုရောက်လာကြတယ်။ တောင်ခြေကို မရောက်ခင်ကတည်းက သစ်ပင်တောအုပ်တွေဖုံးလွှမ်းနေတဲ့ လွမ်းစေတီတောင်ကို အဝေးတစ်နေရာကနေ မှိုင်းမှိုင်းညို့ညို့နဲ့ မြင်တွေ့နေရတယ်။ တွက်ချက်ခန့်မှန်းကြည့်ချက်အရ တောင်တော်အမြင့်က ပေ ၆၀၀ ကျော် ၇၀၀ လောက်ရှိမယ်ထင်ပါတယ်။ တောင်ရဲ့ပုံပန်းသဏ္ဌာန်က မြင်ဦးလွင်မြို့မှာ နာမည်ကျော်ကြားနေပြီဖြစ်တဲ့ တောင်ပုလတောင်နဲ့ ခပ်ဆင်ဆင်တူနေပြီး လွင်ပြင်ကျယ်ကြီးထဲမှာ တစ်တောင်တည်း ထီးထီးမားမား ထင်ထင်ရှားရှား တည်ရှိနေတယ်။

တောင်ခြေမှာ တောင်တက်လှေကားဇောင်းတန်းနဲ့အတူ ကားလမ်းလဲရှိနေတယ်။ ခရီးဖော်တချို့က



လွမ်းစေတီကို ဖူးတွေ့ရစဉ်။

တောင်တက်လှေကားအတိုင်း ခြေကျင်တက်ချင်တယ်ဆိုတာနဲ့ ကားရပ်ပေးပြီးမှ တောင်တက်ကားလမ်းကနေ ဆက်လက်မောင်းနှင်တက်ရောက်ခဲ့ရတယ်။ တောင်တက်ကားလမ်းက တောင်ရဲ့အနောက်ဘက်ကနေ ကွေ့ဝိုက်တက်ရတဲ့အတွက် အနည်းငယ်ပြေပြစ်နေပေမဲ့ ခရီးလမ်းကြောရှည်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အန္တရာယ်ကင်းစေနိုင်တဲ့အတွက် စိတ်ချမ်းသာရတယ်။ ကားလမ်းတစ်လျှောက်မှာလဲ အတက်ကား၊ အဆင်းကားတွေ လုံးဝမတွေ့ရဘဲ တောင်ပေါ်ထိပ်ပိုင်းကို တစ်စတစ်စရောက်ရှိလာတာနဲ့အမျှ တောင်အောက်မှာရှိနေတဲ့ ရှုခင်းတွေကို ရိပ်ခနဲရိပ်ခနဲ မြင်တွေ့လာရတယ်။ တောင်တက်လမ်းမှာ ကားကိုဂရုတစိုက်နဲ့ သတိထားမောင်းနှင်နေတာကြောင့် နေရာတိုင်းကို စူးစူးစိုက်စိုက် ကြည့်ခွင့်မရဘဲ ကားမောင်းနေရင်း မြင်ကွင်းထဲမှာ ပေါ်လာတဲ့ရှုခင်းတွေကိုသာ လျှပ်တစ်ပြက် ကြည့်ရှုနေရတာပါ။ တောင်က ပေ ၆၀၀ ကျော်သာရှိနေလို့ ကားကိုကြာကြာမမောင်းလိုက်ရဘဲ တောင်ထိပ် ရင်ပြင်ရှိရာကို ရောက်လာကြတယ်။

ရင်ပြင်တော်ပေါ်ကို ရောက်ရှိလာကြပေမဲ့ ကားရပ်နားစရာနေရာက အလွန်ကျဉ်းမြောင်းနေတယ်။ တောင်ပေါ်မှာ ဘုန်းတော်ကြီးကျောင်းသုံး ကားတစ်စီးရပ်ထားတာကို တွေ့မြင်နေရပြီး မိမိတို့ကားအနေနဲ့ ကျဉ်းကျဉ်းမြောင်းမြောင်းနေရာလေးမှာ ရှေ့တိုးနောက်ဆုတ်နဲ့ ခက်ခက်ခဲခဲရပ်နားနေရတယ်။ တောင်ပေါ်ကို နောက်ထပ်ကားတစ်စီးတက်ရောက်လာရင် ရပ်နားစရာနေရာ အလုံအလောက်မရှိတော့တဲ့အပြင် တောင်အောက်ကို ပြန်လည်ဆင်းဖို့အတွက် ကွေ့ဖို့၊ ဝိုက်ဖို့တောင် ခက်ခဲနေရတဲ့အခြေအနေပါ။ ဒါပေမဲ့ တောင်ပေါ်ကို နောက်ထပ်ကားတွေ တက်ရောက်မလာကြတဲ့အတွက် တော်ပါသေးတယ်။ မိမိတို့ကားတောင် ဘုန်းတော်ကြီးကျောင်းသုံးကား နောက်ဆုတ်ကွေ့ဝိုက်ထွက်မဲ့လမ်းနေရာမှာ ဖြစ်သလိုရပ်နားနေရတာပါ။

ကားရပ်နားပြီးမကြာခင်မှာ ဇောင်းတန်းလှေကားအတိုင်း ခြေကျင်တက်ရောက်လာကြသူတွေ တောင်ပေါ်ရင်ပြင်ရှိရာကို ရောက်လာကြတယ်။ သူတို့တစ်တွေမှာလဲ မောမောဟိုက်ဟိုက်ချွေးတလုံးလုံးနဲ့ပါ။ တောင်ပေါ်ကိုရောက်ပြီး လူစုံတာနဲ့ စေတီတော်တွေရှိရာကို သွားရောက်ဖူးမြော်မယ်အလုပ်မှာ ကြာဆံဟင်းခါးစားကြရအောင်ဆိုပြီး လာခေါ်တာနဲ့ ခေါ်ဆောင်သူတွေနောက်ကို လိုက်ပါသွားကြရတယ်။ တောင်ပေါ်ကျောင်းမှာ အလှူရှင်တစ်ဦးက ဧည့်ခံကျွေးမွေးတာပါ။ ကြာဆံဟင်းခါးကျွေးမွေးတဲ့နေရာက ဆွမ်းစားဆောင်တစ်ခုဖြစ်ပြီး တောင်စောင်းတစ်နေရာက နေရာကျဉ်းကျဉ်းတစ်ခုမှာ ခက်ခက်ခဲခဲဆောက်လုပ်ထားရတာကို တွေ့မြင်နေရတယ်။ ဆွမ်းစားဆောင် ပြတင်းပေါက်ကနေ အောက်ကိုကြည့်လိုက်ရင် နက်ရှိုင်းလှတဲ့ ချောက်ကမ်းပါးကြီးကိုမြင်တွေ့ရပြန်တယ်။ လွမ်းစေတီတည်ထားရာတောင်ထိပ်မှာ ကျယ်ပြန့်တဲ့မြေမျက်နှာသွင်ပြင်အနေအထားမရှိဘဲ ရတဲ့နေရာမှာရသလို၊ ရှိတဲ့နေရာမှာရှိသလို ကျောင်းဆောင်တွေ၊ ဇရပ်တွေ၊ သိမ်တော်တွေ၊ ရေတွင်းရေကန်တွေကို တည်ဆောက်ထားရတယ်။ ဆရာတော်သီတင်းသုံးနေထိုင်တဲ့ ကျောင်းဆောင်လေးကလဲ သေးသေးငယ်ငယ်လေးဖြစ်နေတယ်။

ကြာဆံဟင်းခါးစားသောက်ပြီးတာနဲ့ ဆရာတော်ကိုဖူးမြော်ရင်း အချိုပွဲတွေကိုစားကြရတယ်။ အချိုပွဲတွေက ကျေးလက်ဒေသရိုးရာထုံးစံအတိုင်း မုန့်ဖက်ထုပ်၊ မုန့်ဆီကြော်၊ မုန့်စိမ်းပေါင်း၊ မုန့်ကျွဲသည်း၊ မုန့်ဦးနှောက်စတာတွေများတယ်။ လပြည့်နေ့အခါကြီးရက်ကြီးမှာ ရွာတွေမှာရှိတဲ့အိမ်တိုင်းလိုလိုက မြန်မာ့ရိုးရာမုန့်တွေလုပ်ပြီး ဘုန်းတော်ကြီးကျောင်းကို လာရောက်လှူဒါန်းကြတာပါ။ အချိုပွဲတွေစားရင်း ဆရာတော်ကို ဖူးမြော်စကားပြောရင်းနဲ့ တောင်ပေါ်ကျောင်းနဲ့ ရွာကျောင်းတွေမှာ သံဃာတော်အရေအတွက်နည်းပါးကြောင်း၊ ဒါကြောင့် ရှိတဲ့ကိုရင်ငယ်လေးတွေကို ပျော်အောင်ထားနေရကြောင်း၊ အခွင့်အခါသင့်တဲ့ရက်မှာ ကိုရင်လေးတွေကို ပိုမိုပျော်ရွှင်အောင် မြင်ဦးလွင်ကို အလည်အပတ်ပို့ရင်းလာတဲ့အခါ အကူအညီပေးစေလိုကြောင်း မြွက်ကြားတဲ့အတွက် လာခဲ့ပါ၊ လိုအပ်တဲ့ အကူအညီတွေပေးပါ့မယ်ဆိုပြီး ဆရာတော်ကိုကတိပြုခဲ့ရတယ်။ ရောက်ရှိနေတဲ့တောင်အမည်က လွမ်းစေတီတောင်လို့ အမည်ရနေသလို ကျောင်းတိုက်အမည်ကလဲ လွမ်းစေတီကျောင်းတိုက်၊ လွမ်းစေတီဆရာတော်ပါ။

ဆရာတော်နဲ့ စကားစမြည်ပြောပြီးတာနဲ့ ကျောင်းတိုက်အတွင်းကထွက်ပြီး လွမ်းစေတီရှိရာကိုလာခဲ့ကြတယ်။ ကျောင်းတိုက်အတွင်းကနေ ထွက်လိုက်ကတည်းက တောင်အောက်မှာရှိနေတဲ့ လှလှပပ သာသာယာယာရှုခင်းတွေကို မြင်တွေ့လိုက်ရပေမဲ့ စေတီတော်ကိုအရင်ဆုံးဖူးမြော်ပြီးမှ ရှုခင်းတွေကို အေးအေးဆေးဆေးကြည့်ရှုတော့မယ်ဆိုပြီး စေတီတော်ဘက်ကို ဦးတည်လျှောက်ခဲ့ကြတယ်။ ဆရာတော်ရဲ့ကျောင်းတိုက်ရှိရာနဲ့ စေတီတော်က အလှမ်းမဝေးပေမဲ့ တောင်ပေါ်ကုန်းအဆင်းလမ်းလေးအတိုင်း ဆင်းလိုက်၊ တောင်ကုန်းမို့မို့လေးပေါ်ပြန်တက်လိုက်နဲ့၊ ဆင်းလိုက်တက်လိုက်လုပ်ပြီးမှ စေတီတော်ရှိရာကို ရောက်လာကြတယ်။ တောင်ထိပ်ပေါ်မှာရှိနေတဲ့ စေတီတော်ကို တည်ထားကိုးကွယ်နေကြတာ မကြာသေးပေမဲ့ စေတီတော်တစ်ခုလုံး ရွှေရောင်တဝင်းဝင်းနဲ့ပါ။ ဒါ့ပြင် စေတီတော်ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ ငြိမ်းချမ်းသာယာတိတ်ဆိတ်နေတာကို သတိထားမိလိုက်တယ်။ မိမိတို့ရောက်ရှိနေတဲ့ဒေသကလဲ အေးအေးချမ်းချမ်း သာသာယာယာ လှလှပပရှိနေ၊ လွမ်းစေတီတောင်နဲ့လွမ်းစေတီကလဲ ငြိမ်းချမ်းတိတ်ဆိတ်နေတာကြောင့် စိတ်ထဲမှာ အလွန်ချမ်းမြေ့ကြည်နူးဖွယ်ကောင်းနေတယ်။ လွမ်းစေတီကိုဖူးမြော်ပြီးတာနဲ့ တောင်ပေါ်မှာ ဆက်လက်လေ့လာလိုက်ပါအုံးမယ်။

# စနေနေ့ညမှာကစားမဲ့အမှတ်ပေးပြိုင်ပွဲမှာ အရန်ကစားသမားအင်အားကောင်းတဲ့ ဖူလ်ဟမ်အသင်း၊ အင်တာမီလန်အသင်း၊ ဆိုစီဒက်အသင်းတို့ကို ရွေးချယ်ရမှာပါ




လက်ရှိမှာတော့ ဥရောပအမှတ်ပေးပွဲစဉ်တွေဟာ ဒုတိယရာသီဝက်ကာလရောက်လာတာကြောင့် ပြိုင်ပွဲတိုင်းဟာ အကြိတ်အနယ်ရှိလာတာကို တွေ့ရမှာပါ။ ထိပ်သီးလိဂ်အများစုဟာ ဒုတိယရာသီဝက်ရောက်ရင် အသင်းကြီး၊ အသင်းငယ်ကွာခြားချက်ထက် အမှတ်ပေးဇယားရပ်တည်မှုက ပိုအရေးကြီးလာတာကြောင့် အသင်းငယ်တွေကလဲ အသင်းကြီးတွေကို တုံ့ပြန်လာနိုင်တာကို သတိပြုရမှာပါ။ ကြားရက်မှာတော့ အသင်းအများစု အနားရခဲ့ပေမဲ့ အာရှဖလားနဲ့ အာဖရိကဖလားပွဲစဉ်တွေမှာ ပါဝင်ခဲ့ရတဲ့ ကစားသမားတွေအနေနဲ့ ပွဲပန်းမှုတွေရှိနေမှာဖြစ်လို့ ကစားသမားစေလွှတ်မှု များနေတဲ့အသင်းတွေကိုတော့ သတိထားချဉ်းကပ်ရမှာပါ။ ဒါကြောင့် စနေနေ့ညကစားမဲ့ပွဲစဉ်တွေထဲမှာ အစဉ်အလာပိုင်းထက် ဒဏ်ရာရ ပွဲပန်းမှုနည်းပြီး အရန်ကစားသမားအင်အားတောင့်တင်းနေတဲ့အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### ဖူလ်ဟမ်အသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၂၄)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဖူလ်ဟမ်အသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ရလဒ်ပိုင်းကောင်းခဲ့တာကြောင့် ရာသီပိတ်သိမ်းချိန်အဆင့်(၁၀) ထိရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ အခုနှစ်မှာတော့ နည်းပြမာကို့စ်ဆေးဗားဟာ တိုက်စစ်မှူးတွေဖြစ်တဲ့ ဂျီမီနက်ဇ်၊ အီဝိုဘီ၊ ထရာအိုရေးတို့ကိုထပ်ဖြည့်ခဲ့ပေမဲ့ ရလဒ်တည်ငြိမ်မှုမရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၃)မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအပြောင်းအရွှေ့မှာ နည်းပြမာကို့စ်ဆေးဗားဟာ ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဘရိုဂျာကို ထပ်မံခေါ်ယူခဲ့တာဖြစ်ပြီး လက်ကျန်ပွဲစဉ်တွေကိုရလဒ်ကောင်းဖို့ ပြင်ဆင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ကစားသမားခြောက်ယောက်ထိ ပါဝင်ဖို့မရှိပေမဲ့ ဘရိုဂျာပါလာမဲ့တိုက်စစ်ပိုင်းက ကစားအားကောင်းလာနိုင်တာကြောင့် ဘုန်းမောက်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

ဘုန်းမောက်အသင်းဟာ နည်းပြအီရာအိုလာ တာဝန်ယူပြီးနောက်ပိုင်း ရာသီအစပွဲစဉ်တွေမှာ ရလဒ်ပိုင်းဆိုးရွားခဲ့ပေမဲ့ နိုဝင်ဘာလနောက်ပိုင်းမှာတော့ နည်းပြနဲ့ကစားသမားတွေကြား နားလည်မှုပြည့်ဝခဲ့တာကြောင့် ရလဒ်ကောင်းမွန်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၂၂ ပွဲကစားအပြီးမှာ ရမှတ် ၂၇ မှတ်နဲ့ အဆင့်(၁၂)ထိရောက်နေပြီး အခုပွဲစဉ်ကို အနိုင်ရရင် အပြောင်းအလဲမရှိနိုင်ပေမဲ့ ရှုံးနိမ့်ခဲ့ရင်တော့ အဆင့်နှစ်ဆင့်လောက်ထိ ကျဆင်းသွားဖို့များပါတယ်။ အခုရာသီမှာ အသင်းတိုက်စစ်မှူး ဆိုလန်ကီ ခြေစွမ်းပြသနိုင်ခဲ့လို့ ဘုန်းမောက်ရလဒ်ကောင်းခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ဆိုလန်ကီဟာ ဂိုးရဖို့ရုန်းကန်ခဲ့ရသလို ကွင်းလယ်က ဘီလင်းကလဲ ခြေစွမ်းကျဆင်းခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဘီလင်းအပါအဝင်ကစားသမားငါးယောက်ဒဏ်ရာရ၊ ပွဲပယ်တွေကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ကစားကွက်ပိုင်းအားနည်းချက်ရှိနိုင်ပြီး ဆိုလန်ကီ ဂိုးမသွင်းနိုင်ရင်တော့ ဖူလ်ဟမ်အသင်းကို ဂိုးပြတ်အရှုံးနိမ့်သွားမှာပါ။ ဒါကြောင့် နိုင်ပွဲလိုအပ်နေတဲ့ ဖူလ်ဟမ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၁ | - | ၀ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၁ | လီဗာပူး |
| ဖူလ်ဟမ် | ၀ | - | ၂ | နယူးကာဆယ် |
| ဖူလ်ဟမ် | ၀ | - | ၀ | အဲဗာတန် |
| ဘန်လေ | ၂ | - | ၂ | ဖူလ်ဟမ် |

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကျူပီအာ | ၂ | - | ၃ | ဘုန်းမောက် |
| ဘုန်းမောက် | ၀ | - | ၄ | လီဗာပူး |
| ဘုန်းမောက် | ၅ | - | ၀ | ဆွမ်ဆီး |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ | - | ၁ | နော်တင်ဟမ် |

### အင်တာမီလန်အသင်း အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ရိုးမားအသင်းနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ နည်းပြမော်ရင်ဟိုလက်ထက်မှာ ဆုဖလားရရှိခဲ့ပေမဲ့ နောက်ပိုင်းမှာ ရလဒ်ဆိုးရွားခဲ့တာကြောင့် အသင်းကစားသမားဟောင်း ဒီရော့ဆီကို နည်းပြအဖြစ်ခန့်အပ်လိုက်တာကို တွေ့ရမှာပါ။ နည်းပြသစ်လက်ထက်မှာတော့ ရိုးမားအသင်းဟာ ပုံစံကောင်းပြန်ရခဲ့ပြီး လေးပွဲကစားခဲ့ရာမှာ လေးပွဲစလုံးအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရမှတ် ၃၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၅)ထိရောက်ရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက်မျှော်လင့်ချက်ရှိလာတာကို တွေ့ရမှာပါ။ ဒါပေမဲ့ နည်းပြဒီရော့ဆီလက်ထက်မှာ ကစားခဲ့တဲ့ပွဲစဉ်တွေက ဗီရိုနာ၊ ဆလာနီတာနာ၊ ကက်ဂလီယာရီတို့လို ခြေစွမ်းပိုင်းနိမ့်တဲ့အသင်းတွေဖြစ်တာကြောင့် အခုပွဲစဉ်ဟာ နည်းပြသစ်အတွက် စမ်းသပ်ခံရမဲ့ပွဲစဉ်ဖြစ်ပြီး နိုင်ပွဲရခဲ့မယ်ဆိုရင်တော့ ရိုးမားအသင်း လမ်းကြောင်းမှန်ပေါ်ရောက်နေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ရိုးမားအသင်းရဲ့ကစားသမားစုဖွဲ့မှုဟာ အင်တာမီလန်ကိုယှဉ်မရသလို နည်းပြဒီရော့ဆီရဲ့ အတွေ့အကြုံကလဲ နည်းပြ အင်ဇာဂီကိုယှဉ်ဖို့ လိုအပ်ချက်တွေရှိနေတာကိုသတိပြုရမှာပါ။

အင်တာမီလန်အသင်းဟာ တိုက်စစ်ကစားပုံကောင်းတဲ့အသင်းဖြစ်နေတာကြောင့် အခုရာသီပြိုင်ပွဲစုံမှာ ရလဒ်ကောင်းမွန်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့စူပါဖလားပြိုင်ပွဲမှာလဲ လာဇီယို၊ နာပိုလီတို့ကို ကျော်ဖြတ်ပြီး ဆုဖလားရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အမှတ်ပေးပြိုင်ပွဲမှာတော့ ၂၂ ပွဲမှာ ရှုံးပွဲတစ်ပွဲသာရှိခဲ့လို့ ရမှတ် ၅၇ မှတ်ထိရရှိခဲ့ပြီး အဆင့်(၁)မှာဦးဆောင်နေတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက သွင်းဂိုး ၅၁ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခံစစ်ကပေးဂိုး ၁၀ ဂိုးသာရှိခဲ့တာကြောင့် တိုက်စစ်နဲ့ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာကို သတိပြုရမှာပါ။ အင်တာမီလန်အသင်းဟာ နောက်ဆုံးသုံးပွဲဆက်မှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအားကျဆင်းလာပေမဲ့ နာပိုလီ၊ ဖီအိုရင်တီးနား၊ ဂျူဗင်တပ်တို့လိုအသင်းကြီးတွေနဲ့ ကစားခဲ့ရတာကြောင့် ဘောလုံးပိုင်ဆိုင်မှုအသားပေးပြီး အနိုင်ရဖို့သာအာရုံစိုက်ခဲ့လို့ ဂိုးနည်းသွားတယ်လို့ဆိုရမှာပါ။ အခုပွဲစဉ်မှာလဲ ရိုးမားလို အိမ်ကွင်းမာကျောတဲ့အသင်းနဲ့ ကစားရမှာဖြစ်လို့ ဂျူဗင်တပ်အသင်းနဲ့ပွဲစဉ်က ကစားပုံအတိုင်းပွဲထွက်လာရင် အနိုင်ရဖို့များပါတယ်။ လက်ရှိ သူတို့နှစ်သင်းရဲ့ခြေစွမ်းပိုင်းမှာ အင်တာမီလန်က ရိုးမားထက်သာနေသလို နည်းစနစ်ပိုင်းနဲ့ကစားသမားစုဖွဲ့မှုမှာလဲ အင်တာမီလန်အသာရနေတာကြောင့် ညီညွှတ်အင်တာမီလန်အသင်းပဲ အနိုင်ရမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၃ | - | ၁ | ရိုးမား |
| ရိုးမား | ၂ | - | ၁ | ဗီရိုနာ |
| အယ်ရာဘတ် | ၁ | - | ၂ | ရိုးမား |
| ဆလာနီတာနာ | ၁ | - | ၂ | ရိုးမား |
| ရိုးမား | ၄ | - | ၀ | ကက်ဂလီယာရီ |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မွန်ဇာ | ၁ | - | ၅ | အင်တာမီလန် |
| အင်တာမီလန် | ၃ | - | ၀ | လာဇီယို |
| နာပိုလီ | ၀ | - | ၁ | အင်တာမီလန် |
| ဖီအိုရင်တီးနား | ၀ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၁ | - | ၀ | ဂျူဗင်တပ် |

### ဆိုစီဒက်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာ ကစားမဲ့လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်အသင်းနဲ့ အိုဆာဆူနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ နည်းပြအယ်ဂွါစီလက်ထက်မှာ ရလဒ်ပိုင်းတည်ငြိမ်နေတဲ့အသင်းဖြစ်ပေမဲ့ နောက်ဆုံးသုံးပွဲမှာ သရေရလဒ်သာရရှိခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရှာရမှာပါ။ သူတို့အသင်းနည်းပြကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းအပြောင်းအလဲလုပ်နေတာကြောင့် အိမ်ကွင်း ၁၁ ပွဲမှာ ဘာစီလိုနာကိုသာရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် အခုပွဲစဉ်မှာ ကူဘို၊ အန်ဒရီဆေးဗား၊ အိုရာဇာဘယ်တို့လို ကစားအားကောင်းတဲ့တိုက်စစ်မှူးတွေ ပွဲထွက်လာမယ်ဆိုရင်တော့ အိုဆာဆူနာအသင်းရဲ့ခံစစ်ပိုင်းဟာ ပေးဂိုးများသွားမှာဖြစ်ပါတယ်။

အိုဆာဆူနာအသင်းဟာ အခုပြိုင်ပွဲမှာ အလယ်အလတ်အဆင့်ရှိတဲ့အသင်းဖြစ်ပြီး အိမ်ကွင်းမှာသာရလဒ်ကောင်းရှာဖွေနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲဆက်မှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး တစ်ပွဲသရေ၊ သုံးပွဲရလဒ်ထွက်ပေါ်ခဲ့လို့ အမှတ်ပေးဇယားရဲ့အဆင့်(၁၂)မှာ ရမှတ် ၂၆ မှတ်နဲ့ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ နည်းပြအာရာဆာတီကတော့ ၅-၃-၂ ကစားကွက်နဲ့ခံစစ်အားပြုကစားနေပြီး တန်ပြန်တိုက်စစ်ကနေ ပြိုင်ဘက်ကိုဖိအားပေးနေပေမဲ့ တိုက်စစ်ကောင်းတဲ့ ရီးရဲလ်မက်ဒရစ်၊ ဂျီရိုနာ၊ အေတီကိုတို့ကို ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှာကစားခဲ့တဲ့ဆိုစီဒက်နဲ့ အိမ်ကွင်းပွဲစဉ်မှာတော့ တစ်ဂိုးစီသရေရလဒ်ကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဆိုစီဒက်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှုအသားပေးပြီး ခံစစ်အားပြုကစားနေပေမဲ့ အခုပွဲစဉ်မှာ သုံးပွဲဆက်ဂိုးပေါက်ပျောက်ဆုံးမှုကို ရပ်တန့်ဖို့အတွက် တိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင်တော့ အိုဆာဆူနာခံစစ်ပိုင်းအခက်တွေ့မှာဖြစ်သလို ကူဘို၊ အန်ဒရီဆေးဗားနဲ့ အိုရာဇာဘယ်တို့ ဂိုးသွင်းနိုင်မယ်ဆိုရင်တော့ ဂိုးပြတ်နိုင်ပွဲရဖို့သေချာပြီး အမှတ်ပေးဇယားအဆင့်(၆) မှာ ဆက်လက်ရပ်တည်နိုင်မှာဖြစ်ပါတယ်။ အကျောပေးမှုကလဲ ဆိုစီဒက်က သရေကစားမယ်ဆိုရင် အပြည့်ဆုံးရှုံးမဲ့အခြေအနေကြောင့် နိုင်ပွဲရှာဖို့ ကြိုးပမ်းလာမဲ့ဆိုစီဒက်အသင်းကိုပဲ အားပေးရမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၀ | - | ၁ | ဆိုစီဒက် |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဆိုစီဒက် |
| ဆိုစီဒက် | ၀ | - | ၀ | ဗယ်လ်ကာနို |
| ဂျီရိုနာ | ၀ | - | ၀ | ဆိုစီဒက် |
| မာယော့ကာ | ၀ | - | ၀ | ဆိုစီဒက် |

**အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၀ | - | ၂ | ဆိုစီဒက် |
| အိုဆာဆူနာ | ၃ | - | ၂ | ဂီတာဖေး |
| ဆီဗီလာ | ၁ | - | ၁ | အိုဆာဆူနာ |
| ဘာစီလိုနာ | ၁ | - | ၀ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၀ | - | ၃ | ဆဲလ်တာဗီဂို |

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူစံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၀၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

THE BEST QUALITY TYRE

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR





CAR TYRES

CYCLE TYRES



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇


## ဝန်ထမ်းအလိုရှိသည်

စက်အပိုပစ္စည်းအရောင်းဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

၁။ အထွေထွေ ကျား (5) ဦး

၂။ Driver ကျား (1) ဦး

CV Form နှင့်တကွ လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ။** ။ အဆောင်(၂၂)၊ အခန်း (၂,၃)၊ မြဝတီမင်းကြီး ၂ လမ်း၊ 75(C) × 75(D) ကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

**ဖုန်း** ။ ။ 09-5163183

**လျှောက်ထားရန်ချိန်**- 11:00 am (to) 5:00 pm

## ဝန်ထမ်းအလိုရှိသည်

1. မြို့တွင်း Driver (2) ဦး
2. အိမ်နေ Driver (2) ဦး

- အမှတ်စဉ် (1), (2) အတွက် လိုင်စင်သက်တမ်း (3)နှစ်နှင့်အထက် ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်ရမည်။
- အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။ စိတ်ဝင်စားပါက CV Form၊ အိမ်ထောင်စုဇယားမိတ္တူ၊ လိုင်စင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(2)ပုံ၊ ထောက်ခံစာတို့နှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ အမှတ်(14)၊ 85 လမ်း၊ 28×29လမ်းကြား၊ မန္တလေးမြို့။
02-4069291 , 09-5069199

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ အောင်ပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်း (စနစ်သစ်)တွင် ပညာသင်ကြားနေသော မောင်အောင်သူလင်း (၁၃/ပတယ(နိုင်)၀၈၅၄၂၉)၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိန်တိုး (ခ) ဦးစိန်မိုး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်တိုး(ခ)ဦးစိန်မိုး**
**(၁၃/ကလန(နိုင်)၀၁၄၁၄၀)**

သင့်သွေးဖြင့် အသက်ကယ်ပါ

မူးယစ်
ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများ အားလုံး အသိပညာ၊ အတတ်ပညာများ ရရှိရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးရှိ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီး ခရိုင်၊မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ကြီးကြပ်သူများစုစုပေါင်း ၇၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




မှန်သည် မြန်သည် မြဝတီ

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment via E-commerce

Phone No : (01) 2301367, 2301368, 2301452, 2301378